ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(၂၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )**

**[ သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၃၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကော်မတီ လုပ်ငန်းများကွင်းဆင်းဆောင်ရွက်၊ ဦးကျော်သူဦး၊ မကွေး(၅)၊ ၎င်းအတိုင်း။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ၎င်းအတိုင်း။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ၎င်းအတိုင်း။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ၎င်းအတိုင်း။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ တာဝန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကျန်းမာရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဖခင်ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ဆေးကုသ။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကော်မတီလုပ်ငန်းကွင်းဆင်းဆောင်ရွက်၊ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကျန်းမာရေး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ဖွံ့ဖြိုးရေးလုပ်ငန်း။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ပြည်ပခရီးစဉ်၊ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်

ဆောင်ရွက်ရန်။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)အတွင်း တောင်သူလယ်သမားများ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး က ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)အတွင်း တောင်သူလယ်သမားများ တွေ့ကြုံနေရသည့် အခက်အခဲများနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းအတွင်း တောင်သူလယ်သမားများ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြ မေးခွန်းကို ဥက္ကဋ္ဌကြီးထံမှ တစ်ဆင့် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးဟာ နိုင်ငံတော်ရဲ့ စိုက်ပျိုးရေးအတွက် အားထားရတဲ့ တိုင်းဒေသကြီးဖြစ်တဲ့အပြင် ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များရဲ့ ဦးဆောင်မှုများဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ဆည်မြောင်းကန်ချောင်းများ တူးဖော်တည်ဆောက်ပေးခြင်းများ၊ မျိုးစပါး၊ မြေအသုံးချရေး လုပ်ငန်းများနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးမှုများသည် ဒေသခံတောင်သူလယ်သမားများအတွက် အထူးအားရဖွယ်ရာများပင် ဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ အထူးကျေးဇူးတင်ဝမ်းမြောက်လျက် ရှိနေကြပါတယ်။ ထိုကဲ့သို့ ကူညီဖြေရှင်းပေးနေသော်လည်းပဲ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းအတွင်းမှာ တောင်သူလယ်သမားများက အခက်အခဲအချို့ အောက်ဖော်ပြပါအတိုင်း ရှိနေဆဲ ဖြစ်နေကြပါတယ်။

(က) လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ရှိမှ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမည် ဆိုသည့် သတ်မှတ်ချက်ကြောင့် ပုံစံ(၇)မရရှိသေးသည့် လယ်သမားများမှာ စိုက်ပျိုးစရိတ်ကို အချိန်မီ မရရှိခဲ့သည့် အခြေအနေ အခက်အခဲ။ (ခ) တိုင်းဒေသကြီး အစိုးရရဲ့ လမ်းညွှန်ချက်ဖြင့် ပုံစံ(၇) မရရှိသေးသည့် လယ်သမားများကို ဖြေလျှော့သည့်အနေနဲ့ ပုံစံ(၁)နဲ့လျှောက်ထားမှုဖြင့် ထုတ်ပေးမည် ဆိုသော်လည်းပဲ ဘဏ်စာအုပ်တွေ မရသေးတဲ့အတွက် စိုက်ပျိုးစရိတ်ချေးငွေတွေကိုအချိန်မီ မရရှိနိုင်ခဲ့တဲ့ အခြေအနေ အခက်အခဲ။ (ဂ) ပုံစံ(၇) ထုတ်ပေးခဲ့ရာတွင်လည်း နာမည်လွဲမှားမှုတွေရှိသည်ကို ပြန်လည်ပြင်ဆင်ပေးတဲ့နေရာမှာ အခက်အခဲအချို့တွေ ရှိနေတယ်လို့ သိရပါတယ်။ (ဃ) အချို့တောင်သူလယ်သမားများသည် ပုံစံ(၇) လျှောက်ထားရမည့်အချိန်တွင် အချိန်မီလျှောက်ထားခဲ့သော်လည်းပဲ အကြောင်းအမျိုးမျိုးကြောင့် ယခုအချိန်အထိ ပုံစံ(၇) မရရှိသေးခြင်း အခက်အခဲ။ (င) စိုက်ပျိုး စရိတ်ချေးငွေကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ထုတ်ချေးနေသည့်အတွက် အခြေအနေအမျိုးမျိုးတွေကြောင့်

စိုက်ပျိုးချိန်အမီ ချေးငွေတွေ မရရှိခဲ့ခြင်း အခက်အခဲ။ (စ) အထက်ပါအခြေအနေများကို မည်သည့်ဌာနတွင် မည်ကဲ့သို့ ကြန့်ကြာနေသည်ကို တောင်သူလယ်သမားများ အနေဖြင့် ရိုးသားစွာ ဝန်ခံရလျှင် ရှင်းလင်းစွာ မသိရှိနိုင်ခြင်း အခက်အခဲ စတဲ့အခြေအနေ အခက်အခဲများကို ကျွန်တော်အနေဖြင့် ပြည်သူများနှင့်တွေ့ဆုံစဉ် တင်ပြချက်များအရလည်းကောင်း၊ ကျွန်တော်ထံကို စာများဖြင့် ရေးသားပေးပို့မှုများအရ လည်းကောင်း၊ ဒေသဖိုရမ် အစည်းအဝေးများမှာ တက်ရောက်နားထောင်ခြင်းအရလည်းကောင်း သိရှိရပါသဖြင့် အထက်အပိုဒ် (က)မှ (စ)အထိ ဖြစ်ပေါ်နေသည့် အခက်အခဲများကို မည်ကဲ့သို့ ဆက်လက်ဖြေရှင်းပေးသွားမည်ကို သိရှိလိုပါသဖြင့် ဒေသခံတောင်သူလယ်သမားများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များကို ကျွန်တော် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းနဲ့ စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိပြီးသော လယ်သမားများအား ပထမဦးစားပေး အစီအစဉ်ဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများကို စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်နဲ့အညီ ထုတ်ချေးပေးလျက်ရှိကြောင်း သိရှိရပါတယ်။ (ခ) အကြောင်းအမျိုးမျိုးကြောင့် ပုံစံ(၇) မရရှိသေးသော်လည်းပဲ ယခင်နှစ်က ထုတ်ချေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အပြေအကျေပေးသွင်းခဲ့သူ လယ်သမားများကို ကျေးရွာလယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ထောက်ခံချက်ဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများကို စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် ညီညွတ်သော တောင်သူများကိုသာ ဘဏ်စာအုပ်ပြုလုပ်၍ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးပေးလျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်အရ သိရှိရပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ထုတ်ပေးရာတွင် အမည်လွဲမှားမှုများရှိသည်ကို ပြန်လည်ပြင်ဆင်ရာတွင် လျှောက်လွှာပုံစံ(၁)တွင် အမည်၊ လူမျိုး၊ အဘအမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသား စိစစ်ရေးကဒ်အမှတ် စသည်တို့ကို မှန်ကန်စွာ ဖြည့်သွင်းထားသူများအနေဖြင့် သတ်မှတ်ကာလအတွင်း ပုံစံ(၇)ထုတ်ပေးရာတွင် အခက်အခဲမရှိပါကြောင်းနဲ့ အကြောင်းအမျိုးမျိုးကြောင့် အမည်ပြောင်းလဲပြင်ဆင်လိုပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့အညီ အဆင့်ဆင့် စစ်ဆေး

ဆောင်ရွက်ပြီး ပုံစံ(၇)တွင် ပြင်ဆင်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အချို့ တောင်သူလယ်သမားများသည် ယခုအချိန်အထိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု ပုံစံ(၇)လက်မှတ် မရရှိသေးခြင်းနှင့် စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိရေးအတွက် လယ်ယာမြေများအား ပုံစံ(၁)ဖြင့် လျှောက်လွှာတင်သည့်နေ့မှ ပုံစံ(၇)ထုတ်ပေးသည့်နေ့အထိ အဆင့်ဆင့် ဆောင်ရွက်ပေးရသည့် အချိန်ကာလမှာ ကန့်ကွက်မှု မရှိပါက ဥပဒေအရ (၁၁၁)ရက်ကြာမြင့်ပြီး၊ ကန့်ကွက်မှု ရှိပါက ဥပဒေအရ (၁၅၅)ရက်ကြာမြင့်ပါကြောင်း၊ လျှောက်ထားသည့် မြေသည် စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပြီးမြေ၊ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီးမြေများဖြစ်ပါက အဆိုပါမြေများသည် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(စ)အရ မြေရိုင်းအဖြစ် တည်ရှိပါသောကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရေး ဦးစွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်မှု အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက အဆိုပါမြေကို လယ်ယာမြေနည်းဥပဒေပုဒ်မ ၃၅ မှ ၄၅ အထိ ပြဋ္ဌာန်းချက်များနဲ့အညီ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပြီးမှသာ ပုံစံ(၇) ထုတ်ပေးနိုင်ခြင်း ဖြစ်ပါတယ်။

တပ်မတော်၊ ဝန်ကြီးဌာနနှင့် ပုဂ္ဂလိက ကုမ္ပဏီ အဖွဲ့အစည်းများမှ သိမ်းယူပြီး ပြန်လည်စွန့်လွှတ်သော မြေများအား ပုံစံ(၇) လျှောက်ထားရာမှာ သက်ဆိုင်ရာ မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်က အမှန်တကယ် ရသင့်ရထိုက်သူများကို စိစစ်၍ ပုံစံ(၃) ယာယီ လုပ်ပိုင်ခွင့်ပေးပြီးသော လယ်ယာမြေများကိုသာ ပုံစံ(၇) ထုတ်ပေးနိုင်ခြင်း ဖြစ်ပြီး၊ လုပ်ပိုင်ခွင့် အငြင်းပွားလျက်ရှိသော မြေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနဲ့အညီ အဆင့်ဆင့် စိစစ်ဆုံးဖြတ်ပြီး ပုံစံ(၇) ထုတ်ပေးရာတွင် သေချာစွာစိစစ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ၊ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ၊ ကြွေးကျန်ငွေများမှာ အလွန်များပြားကြောင်း၊ ကြွေးကျန်တောင်သူများကို စိစစ်ရာမှာ တောင်သူ အများစုမှာ စိုက်ပျိုးစရိတ်ချေးယူသည့် ဧကနှင့် အမှန်စိုက်ဧက ကွာခြားမှုရှိသည်ကို တွေ့ရှိရကြောင်း၊ ယခင်နှစ် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသည့် တောင်သူများအား A- Plan အဖြစ်လည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) မရသေးသည့် တောင်သူများအား B- Plan အဖြစ်လည်းကောင်း ထုတ်ချေးပေးခဲ့ကြောင်း၊ ပုံစံ(၇)ဖြင့် ငွေထုတ်ချေးပေးပါက ထုတ်ချေးဧက၊ အမှန်စိုက်ဧကတို့မှာ တိကျမှန်ကန်ရမည်ဖြစ်ပါ၍ ချေးငွေထုတ်ချေးရာတွင် ကြန့်ကြာမှုမရှိနိုင်ပါကြောင်း၊ ပုံစံ(၇) မရရှိပါက စိုက်ဧကမှန်ကန်ရေးအတွက် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့၏ စိစစ်ထောက်ခံချက်အရ ကြွေးကျေတဲ့ တောင်သူများကို သတ်မှတ်ကာလအတွင်း ချေးငွေ ထုတ်ချေးခဲ့ကြောင်း သိရှိရပါတယ်။

စိုက်ပျိုးစရိတ်ချေးငွေကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ထုတ်ချေးခြင်းစနစ်နှင့် စပ်လျဉ်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ၁၉၉၀ ခုနှစ်၊ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က)အရလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ချေးငွေ

စာချုပ်ပါ အချက်အလက်များအရ လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ၁၉-၅-၂၀၁၄ ရက်စွဲပါ စာအမှတ်ဖြင့် ထုတ်ပြန်ထားတဲ့ ချေးငွေ ညွှန်ကြားစာ၊ စည်းကမ်းသတ်မှတ်ချက်များ စာပိုဒ်(၃)၊ စာပိုဒ်ခွဲ(ဃ)တွင် ဆန္ဒအရပါဝင်သော တောင်သူ လယ်သမား(၅)ဦးမှ (၁၀)ဦးအထိ ပါဝင်သည့် အစုအဖွဲ့ဖြင့် ထုတ်ချေးရမည်ဟူ၍လည်းကောင်း၊ စုပေါင်း၍ တာဝန်ယူပါသည်ဟု ဖော်ပြပါရှိသည်နှင့်အညီ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာမှာ ကျေးရွာအုပ်စုချေးငွေ စိစစ်ရေးအဖွဲ့တို့မှ တင်ပြလာတဲ့ ချေးငွေ အမှုတွဲများဟာ သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်ပါက တင်ပြလာတဲ့ နေ့ရက်၊ နောက်တစ်ရက် မှာ န.တ.လ ပုံစံ(၁)ဖြင့် ဝိုင်းကြီးချုပ်စနစ် ချုပ်ဆို၍ အမြန်ဆုံးထုတ်ချေးပေးလျက်ရှိပါကြောင်း ချေးငွေ အမှုတွဲပါ အချက်အလက်များ ပြည့်စုံမှုမရှိခြင်း၊ ကြွေးကျန်တောင်သူများ ပါဝင်နေခြင်းရှိပါက စိစစ်ရန် အချိန်အနည်းငယ် ရယူရပြီး၊ အမှုတွဲရောက်ရှိလာပြီး (၃)၊ (၄)ရက်အတွင်း ချေးငွေထုတ်ချေးပေးလျက် ရှိကြောင်း သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်မှာ ပါရှိတဲ့ ပုံစံ(၇)ထုတ်ပေးခြင်းလုပ်ငန်းနဲ့ စပ်လျဉ်းပြီး လယ်ယာမြေဥပဒေမှာ သတ်မှတ်ထားတဲ့ လယ်ယာမြေအဓိပ္ပာယ်နဲ့ ညီညွတ်တဲ့ စိုက်ပျိုး မြေများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရာမှာ လယ်ယာမြေဥပဒေနဲ့အညီ ဆောင် ရွက်ပေးလျက်ရှိပါတယ်။ ၁၉၉၀ ခုနှစ်က ပြင်ဆင်ရေးဆွဲခဲ့တဲ့ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဘဏ် နည်းဥပဒေမှာ ခေတ်နှင့် လိုက်လျောညီမှု မရှိတော့၍ ပြင်ဆင်ရေးဆွဲလျက် ရှိပါတယ်။ ထို့ အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား(၂)အရ စိုက်ပျိုးရေးချေးငွေနှင့် ဆုငွေများကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်မှ စီမံကိုင်တွယ်ဆောင်ရွက်သွားနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လွှဲအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ တောင်သူလယ် သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို ပြဋ္ဌာန်းပြီးပါက ၎င်းဥပဒေ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ကြော်ငြာစာများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ရှိပါတယ်ခင်ဗျား။

**မသန်စွမ်းသူများအတွက် နိုင်ငံတော်မှ အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်ပေးပါရန် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး က မသန်စွမ်းသူများအတွက် နိုင်ငံတော်မှ အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်ပေးပါရန် နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ကျွန်တော် ဦးခင်မောင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဒီနေရာကနေ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။

ဒီမေးခွန်းကို မေးဖို့ ခွင့်ပြုတဲ့အတွက် ဥက္ကဋ္ဌကြီးကိုလည်း မသန်စွမ်းသူများ ကိုယ်စား ကျွန်တော် ကျေးဇူးအထူး တင်ရှိပါတယ်။ ဒီမေးခွန်း ဖြစ်ပေါ်လာပုံက ကျွန်တော် နေတဲ့ နေရာကို ရန်ကုန်ကနေပြီး တော့ ဇဒင်စင်တာ က ဆရာ ဦးထာအုပ် I School Myanmar က ဦးရဲဝင်း MILI က ဦးနေလင်းစိုး မြန်မာပညာရေးမြှင့်တင်မှု လက်တွေ့ ဆောင်ရွက်အဖွဲ့မှ ဒေါ်အေးအေး တို့က လာပြီးတော့ ကျွန်တော့်ကို တင်ပြတောင်းဆိုပါတယ်။ ဒီမေးခွန်းလေးက မေးသင့်ပါတယ်။ မသန်စွမ်းတွေအတွက် နိုင်ငံတော်ကလည်း ပံ့ပိုးပေးနိုင်အောင် သူတို့ကို ပစ်ပယ်မထားဖို့၊ အဲဒါမျိုးကို လာပြီးတော့ အကူအညီတောင်းပါတယ်။ အဲဒီအတွက် ဒီမေးခွန်းက ဖြစ်ပေါ်လာတာပါ။ မသန်စွမ်းမှုဟာ ရောဂါ တစ်မျိုး မဟုတ်ပါဘူး။ လူသားဖြစ်ခြင်းရဲ့ အနေအထား တစ်ခုသာ ဖြစ်ပါတယ်။ လူတွေမှာ ယောကျ်ား ဖြစ်တယ်၊ မိန်းမဖြစ်တယ်၊ အရပ်ရှည်တယ်၊ အရပ်ပုတယ်၊ အသားမည်းတယ်၊ အသားဖြူတယ်၊ ရုပ်ဆင်းချောတယ်၊ ရုပ်ဆိုးတယ်ဆိုပြီး ကွဲပြားခြားနားကြပါမယ့် လူသားဖြစ်ခြင်းကတော့ အတူတူပဲ ဖြစ်ပါတယ်။ အဲဒီလို လူတွေ တစ်ယောက်နဲ့ တစ်ယောက် မတူကွဲပြားခြားနားတာဟာ သဘာဝတရားပဲ ဖြစ်ပါတယ်။ လူတွေရဲ့ မွေးရာပါ အခွင့်အရေးဟာ တန်းတူ ဖြစ်သလို ဘဝ တန်ဖိုးဟာလည်း တန်းတူ ဖြစ်တယ် ဆိုတာ အားလုံး လက်ခံရမှာပါ။

ကနေ့ မသန်စွမ်းလို့ သတ်မှတ်ခံ ရတဲ့သူတွေဟာ တစ်မျိုးမျိုးသော ချို့ယွင်း အားနည်းချက်တွေ ရှိနေကြသူများသာ ဖြစ်ပါတယ်။ လူဆိုတဲ့ လူဟာ ဘယ်သူမှ လုံးဝဥဿုံ ပြည့်စုံတဲ့ ချို့ယွင်းချက် ကင်းတဲ့လူ၊ ခြောက်ပြစ်ကင်းတဲ့လူဆိုတာ မရှိနိုင်ပါဘူး။ လူစဥ့် မီသူရယ် မမီသူရယ်လို့လည်း မရှိပါဘူး။ ကနေ့ မသန်စွမ်းလို့ သတ်မှတ်ခံနေရတဲ့ ချို့ယွင်းအားနည်းမှု ရှိတဲ့လူတွေဟာ လူနေမှု အသိုက်အဝန်းမှာ တခြားလူတွေလို တန်းတူ အခွင့်အရေး မရကြရှာပါဘူး။ သူများနဲ့ မတူဘူးဆိုပြီးတော့ ဘေးဖယ်ခံ ၊ လစ်လျူရှုခံနေရပါတယ်။ ကန့်သတ်ခြင်း ခံနေရပါတယ်။ ထုံးတမ်းစဥ်လာ အရလည်း မသန်စွမ်းတွေဟာ ဝဋ်နာကံနာကြောင့် ဖြစ်တယ်။ မသန်စွမ်းတွေဟာ သူများ အကူအညီကို အမြဲတမ်း လိုအပ်တယ်။ ဝန်ထုပ်ဝန်ပိုးဖြစ်တယ်။ သူတို့ကြောင့် အရှက်ရတယ်။ အခမ်းအနားတွေမှာ မင်္ဂလာ မရှိဘူး၊ စတဲ့ အယူအဆ အမှားတွေ၊ မှားယွင်းတဲ့သဘောထားတွေဟာ မသန်စွမ်းတွေအတွက် သူတို့ ဘဝအတွက် အတားအဆီးတွေ ဖြစ်နေပါတယ်။ ကျွန်တော်တို့ တကောင်း ရာဇဝင်မှာ ကြည့်ရင်လည်း စူဠာသမ္ဘဝ၊ မဟာသမ္ဘဝဟာ မျက်စိအလင်းမရတဲ့အတွက် ချို့ယွင်းတဲ့ အတွက် သူတို့ကို ဖောင်မှာ တင်ပြီးတော့ မျှောချခံခဲ့ရပါတယ်။ အာဏာရှင်ကြီး ဟစ်တလာ ဟာ ဆိုရင်လည်းပဲ မသန်မစွမ်းတွေကို တိုင်းပြည်ရဲ့ အမှိုက်ပဲလို့ ယူဆပြီးတော့ အစုအပြုံလိုက် ရှင်းလင်းဖို့ ကြိုးစားခဲ့ဖူးပါတယ်။ ဒီလို မမှန်ကန်တဲ့ အယူအဆတွေကြောင့် မသန်စွမ်းတွေရဲ့ဘဝဟာ အမှောင် ထဲမှာ ကျင်လည်ခဲ့ကြရပါတယ်။

ကနေ့ မသန်စွမ်းတွေ လိုအပ်တဲ့ အရာကတော့ သူတို့ရဲ့ မွေးရာပါ အခွင့်အရေးနဲ့ သိက္ခာ ရရှိရေးပဲ ဖြစ်ပါတယ်။ သနားလို့၊ ကူညီပေးလို့ ကူညီပေးမှုလေးနဲ့ ရပ်တည်ဖို့ မလိုလားကြပါဘူး။ Right not charity ဆိုတဲ့ အယူအဆလေးနဲ့ ရှင်သန်လာကြပါတယ်။ မသန်စွမ်းမှုဟာ လူသားမှာ ရှိတဲ့ ကိုယ်အင်္ဂါ ချို့ယွင်းမှုကြောင့် တစ်ခုတည်း မဟုတ်ဘဲနဲ့ ဒီလူသား ကျင်လည်တဲ့ ပတ်ဝန်းကျင် မှာရှိတဲ့ အတားအဆီးတွေကြောင့် ဖြစ်ပေါ်လာရတဲ့ အနေအထားတစ်ရပ်ဖြစ်တယ်လို့ သူတို့ ဖော်ထုတ် လာကြပါတယ်။ မသန်စွမ်းသူရဲ့ ဒီကနေ့ ကိုယ်တိုင် ဖွင့်ဆိုချက်ကတော့ မသန်းစွမ်း ဖြစ်ရခြင်းဟာ သူတို့ရဲ့ကိုယ်ခန္ဓာ မပြည့်စုံလို့မဟုတ်ဘဲ သူတို့ ကျင်လည်ရာပတ်ဝန်းကျင်မှာ သူတို့ ကျင်လည်

ဝင်ဆန့်ခွင့် မရအောင် တားဆီးသလို ဖြစ်နေတဲ့ ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားတွေ စိတ်ပိုင်းဆိုင်ရာ အဟန့်အတားတွေကြောင့်သာဖြစ်တယ်လို့ သူတို့ တင်ပြကြပါတယ်။ လူတွေ ဖန်တီးတဲ့ ပစ္စည်း ကိရိယာတွေ၊ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ ချို့ယွင်းချက် ရှိတဲ့လူတွေ တွေ့ဆုံတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ အဆင်မပြေမှုတွေကြောင့်၊ အခက်အခဲတွေကြောင့် ဒီချို့ယွင်းမှုဟာ နေ့စဥ် လူနေမှုအဖွဲ့အစည်းက ငြင်းပယ်ခံရ၊ ပထုတ်ခံရသလို ဖြစ်ပြီးတော့ ဘာမှမစွမ်းဆောင်နိုင်တဲ့ မသန်စွမ်းသူ ဖြစ်လာရ ပါတယ်လို့ ရှုမြင်လာတဲ့ အမြင်ပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဆိုလို့ရှိရင် လူ့အခွင့်အရေး ပေတံနဲ့ တိုင်းတာရှုမြင်တဲ့ အမြင်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် အဓိက တရားခံဟာ ကိုယ်အင်္ဂါ ချို့ယွင်းနေခြင်းကြောင့် မဟုတ်ဘဲနဲ့ အတားအဆီးတွေ Barrier တွေကြောင့်သာ ဖြစ်တယ်ဆိုတာ တွေ့လာရပါတယ်။ အဲဒါကြောင့် အင်္ဂလိပ်လို ပြောခွင့်ပြုပါ။ Impairment plus Barriers Equal disability ဆိုပြီးတော့ တင်ပြကြပါတယ်။ အတားအဆီးကင်းတဲ့ ပတ်ဝန်းကျင် ဖြစ်ဖို့ ဖန်တီးဖို့ကို လိုလားကြပါတယ်။ အဲဒီ အတားအဆီးတွေကို လျှော့နည်းပပျောက်အောင်လုပ်ဖို့ လူသားတိုင်းရဲ့တာဝန် ဖြစ်ပါတယ်။ မသန်စွမ်းမှုဟာ ပုဂ္ဂလိက ကျန်းမာရေး ပြဿနာမဟုတ်ပါ။ လူသားနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ လူမှုရေး ပြဿနာသာ ဖြစ်တယ်လို့ လက်ခံရမှာပါ။ သင့်တော်တဲ့ ပံ့ပိုးမှု အဆင်ပြေတဲ့ ပတ်ဝန်းကျင်နဲ့ လိုအပ်တဲ့ ကူညီမှု ပေးနိုင်လို့ရှိရင် သူတို့ရဲ့ဘဝကို သူတို့ ကိုယ်တိုင် စီမံနိုင်ကြပါတယ်။ ဒါ လက်တွေ့ တွေ့နေရပါတယ်။ ကိုယ်အားကိုယ်ကိုး သူတို့ ကိုယ်တိုင် အားကိုးပြီးတော့ အသက်ရှင် နိုင်သူတွေ ဖြစ်ပါတယ်။ ဒီလိုမျိုး အခွင့်အရေးလည်း သူတို့မှာ ရှိပါတယ်။ ဒီနေ့ ဆေးပညာ အကူအညီနဲ့ ချို့ယွင်း အားနည်းချက်တွေကို ဖြေရှင်းပေးနိုင်လာပြီးတော့ သာမန်မဟုတ်တဲ့ လူတွေကို သာမန်ဖြစ်အောင် ပြောင်းလဲနိုင်လာပါတယ်။ တချို့ လက်အတုတွေနဲ့ အာရုံခံစားနိုင်တဲ့ လက်အတုတွေတောင်မှ သိပ္ပံပညာက ဖန်တီးပေးလာပါတယ်။ ဒါကြောင့် Barrier free Environment ဟာ လိုအပ်လာ ပါတယ်။ ဆိုလိုတာက မသန်စွမ်းသူတွေအတွက် တွန်းလှည်းလေးတွေ သွားလာတဲ့အခါမှာ အဆင်ပြေ ချောမွေ့အောင် လှေကားထစ်တွေကို ဖျောက်ပေးတာတို့ မသန်စွမ်းသူတွေ သွားတဲ့သန့်စင်ခန်းတွေမှာ အလွယ်တကူ ဝင်ထွက်သွားလာအောင် အလွယ်တကူ ဝင်ထွက်နိုင်အောင် အသုံးပြုနိုင်အောင် ဖန်တီးပေးတာတို့ အဲဒီ ပတ်ဝန်းကျင်တွေကို လုပ်ပေးဖို့ လိုပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာတော့ တော်တော်လေး အဆင်ပြေအောင် လုပ်ပေးလာနိုင်ကြပြီ ဖြစ်ပါတယ်။

တချို့နိုင်ငံတွေမှာဆိုလို့ရှိရင် အလုပ်အကိုင်တောင်မှ ပေးနိုင်ကြပါတယ်။ မသန်စွမ်းသူတွေ အရေးကိစ္စ တိုးတက်အဆင်ပြေလာခြင်းဟာ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုပဲ ဖြစ်ပါတယ်။ လူမှုရေး တရားမျှတမှုနဲ့လည်း ဆိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပမာလေးတစ်ခု ပြောလို့ ရှိရင်တော့ ကျွန်တော်တို့ ရုပ်မြင်သံကြားမှာ မျက်မမြင်တွေ အတွက်ဆိုလို့ရှိရင် Sign Language နဲ့ လက်ဟန်ခြေဟန်နဲ့ သူတို့ကို သတင်းအချက်အလက်တွေ ပေးနိုင်ပါတယ်။ ဒီအချက်ဟာလည်း အများကြီး တန်ဖိုးရှိပါတယ်၊ ပညာပေးနိုင်ပါတယ်။ သူတို့တွေ ပညာတွေ အဲဒီကနေ ရယူနိုင်ပါတယ်။ တစ်ခါ လမ်းတွေ သူတို့ပတ်ဝန်းကျင်တွေမှာ အမှတ်အသားလေးတွေ သူတို့အတွက် အလွယ်တကူ ဖြစ်အောင် အသံအားဖြင့် ဖြစ်ဖြစ်၊ ရုပ်ဝတ္ထုအားဖြင့် ဖြစ်စေ ဖန်တီးပေးပြီးတော့ အထောက်အကူ လေးတွေ လုပ်ပေးနိုင်ပါတယ်။ ဒီ အလုပ်အကိုင်နဲ့ ပတ်သက်ပြီးတော့ သူတို့အတွက်လည်း ဖန်တီး ထားတာလေးတွေ တွေ့ရပါတယ်။ နည်းနည်းကျဥ်းကျဥ်းပဲ တွေ့ရပါတယ်။

ဥပမာဆိုလို့ရှိရင် ရန်ကုန်မြို့မှာဆိုလို့ရှိရင် ဂျပန်အစိုးရအကူအညီနဲ့ အနှိပ်ခန်းလေးတစ်ခု တွေ့ပါတယ်။ မျက်မမြင်တွေ သူတို့ကို အနှိပ်ပညာ သင်ပေးထားပြီးတော့ ဝင်ငွေ ရရှိအောင် သူတို့ကို ဖန်တီးထားပါတယ်။ စစ်တွေမြို့မှာဆိုလို့ရှိရင်လည်း ကွန်ပျူတာသင်တန်းလေး ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ လုပ်ပေးထားတာ တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် သူတို့အတွက် တစ်စုံတစ်ခုသော အတိုင်းအတာနဲ့ လူလိုသူလို သူတို့ဟာသူတို့ ခံစားဖို့ အခွင့်အရေးလေး ရရှိလာတာ ဖြစ်ပါတယ်။ တစ်ခါ မသန်စွမ်းသူတွေက ကလေးတွေနဲ့ပတ်သက်ပြီးတော့ တင်ပြထားတာ ရှိပါတယ်။ ဒီကလေး တွေဟာ ငယ်စဥ်ကတည်းကစပြီးတော့ စိတ်ပိုင်းဆိုင်ရာ အပြည့်အဝ ဖွံ့ဖြိုးမှုနဲ့ ကြီးပြင်းလာဖို့ လိုအပ် ပါတယ်လို့ ဆိုပါတယ်။ ဒါမှသာ လူ့ပတ်ဝန်းကျင်မှာ လူ့လောကထဲမှာ အားငယ်စိတ်၊ ဝမ်းနည်းစိတ်၊ အားကိုးလိုစိတ် မရှိဘဲနဲ့ ကျန်းမာရေး အပြည့်အဝရှိတဲ့ လူတစ်ယောက်အဖြစ် စိတ်ဓာတ် ခိုင်မာစွာနဲ့ လူ့ပတ်ဝန်းကျင်ထဲမှာ ဝင်ဆံ့လာမှာ ဖြစ်ပါတယ်လို့ ဆိုပါတယ်။ ကျဥ်းမြောင်းတဲ့ အတွေးအခေါ်ဖြစ်တဲ့ အတန်းပညာရဖို့၊ ဘွဲ့ရဖို့ ဘွဲ့ရပြီးရင် ပြီးရော ကျွမ်းကျင်တဲ့ ပညာလေးတစ်ခုရရင် ပြီးရော ဆိုတဲ့ အဆင့်ထက် ကျော်ပြီးတော့မှ လူသားတစ်ဦးအနေနဲ့ လူ့အသိုင်းအဝိုင်းကျင်လည်ရာမှာ သိသင့် သိထိုက်တဲ့ အချက်အလက်တွေကို သိဖို့၊ တတ်ကျွမ်းဖို့၊ ရင်းနှီးဖို့ ဆိုတဲ့ ကိစ္စတွေကို အလေးထား သင်ကြဖို့ အရေးကြီးပါတယ်။ ဘွဲ့ရရုံ မဟုတ်ပါဘူး။ လူ့လောကထဲမှာ သူတို့ ဝင်ဆံ့နိုင်ကြဖို့အတွက် ပြောတာပါ။ မသန်စွမ်းကလေးတွေဟာ အိုင်ကျူအဆင့် နိမ့်တယ် သင်လို့ မဖြစ်နိုင်ဘူး၊ စွမ်းရည် မရှိဘူးဆိုပြီးတော့ ပစ်ပယ်ထားဖို့ မသင့်ပါဘူး။ ပညာသင်ကြားဖို့ဆိုတာ သူတို့ရဲ့ အခွင့်အရေးပါ မွေးရာပါ အခွင့်အရေးဖြစ်လို့ သင့်တော်တဲ့ ပညာလေးတွေကို နည်းလမ်းပုံစံတစ်မျိုးနဲ့ သင်ကြားပေး ရမှာ ဖြစ်ပါတယ်။

တစ်ခါ အခု ကျောင်းပညာရေးစနစ်ကိုလည်းပဲ အခု ဥပဒေမှာ အထူးကျောင်းများ ဆိုပြီး တော့ မသန်စွမ်းသူများအတွက် အထူးကျောင်းများဆိုပြီးတော့ ဖန်တီးတဲ့အခါမှာ သူတို့ အမြင်က တော့ ဒါဟာ သူတို့ကို သက်သက် ခွဲထုတ်ထားတဲ့ပုံစံမျိုး ဖြစ်တယ်။ ဒီကလေးတွေဟာ ခွဲခြားခြင်း ခံရ ပြီးတော့မှ ပတ်ဝန်းကျင် တစ်ခုတည်းမှာ ကိုယ်နဲ့ အမျိုးတူတဲ့ ပတ်ဝန်းကျင် တစ်ခုတည်းမှာ ကြီးပြင်း လာရမယ်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သူတို့ဟာ ဘယ်လိုများ ကြီးပြင်းလာတဲ့အခါ လူ့လောကထဲမှာ ဝင်ဆံ့နိုင်မလဲ ဆိုပြီးတော့ ဒီဟာကိုလည်း သူတို့ သိပ်ပြီးတော့ ဘဝင်မကျပါဘူး။ ခွဲခြားတဲ့ ပညာရေး စနစ် မဖြစ်သင့်ပါဘူးလို့ ဆိုပါတယ်။ ဖြစ်နိုင်ရင် ကျောင်းတွေမှာအတူ တွဲပြီးတော့ ထားပေးဖို့၊ တတ်နိုင်လို့ရှိရင် တွဲပြီးတော့ ထားပေးဖို့၊ တွဲပြီးတော့သွားဖို့ လိုအပ်တယ်လို့ တင်ပြကြပါတယ်။ သူများနဲ့ တန်းတူထားလို့ မရနိုင်ပေမယ့် ခွဲခြားပြီးတော့ မထားသင့်ပါဘူး။ သူတို့နေတဲ့ ဂေဟာတွေ၊ အဆောင်တွေဆိုတဲ့ဟာတွေကို သက်သက်ကြီး သူတို့အတွက်ကို တစ်သီးတစ်သန့် ခွဲခြားထားတယ်လို့ ခံစားကြရပါတယ်လို့ ပြောပါတယ်။ အထူးသဖြင့် တချို့ မိသားစုတွေမှာဆိုလို့ရှိရင် မသန်စွမ်းတွေကို သူတို့ မတတ်နိုင်လို့ရှိရင် ဒါမှမဟုတ် စိတ်ထဲမှာ သူတို့အတွက် အနှောင့်အယှက်ဖြစ်တယ် အရှက် ရတယ် ဆိုပြီးတော့ ဂေဟာတွေကို ပို့လျက်ရှိကြပါတယ်။ ဒါကိုလည်းပဲ သူတို့က မိသားစုနဲ့ပဲ ဒီကလေး တွေကို ကြီးပြင်းစေချင်ကြပါတယ်။ ယနေ့ မသန်စွမ်းသူတွေဟာ အသနားခံမဟုတ် မသန်ပေမယ့် စွမ်း တယ် ဆိုတာကို ဖော်ထုတ်နေပြီ ဖြစ်ပါတယ်။ တကယ်တမ်းလည်း တွေ့နေကြရပါတယ်။ မသန်စွမ်းမှု အပေါ်မှာ အခွင့်ကောင်း ယူပြီးတော့လည်း လူတန်းစားတစ်ရပ်အနေနဲ့ သူတို့ မနေချင်ဘူးလို့ ပြောကြ ပါတယ်။

နောက်တစ်ခါ တချို့ နိုင်ငံတွေမှာ လုပ်နေတဲ့ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုတာကိုလည်းပဲ သူတို့ အကောင်အထည် ဒီထက်ပိုပြီးတော့ ဖော်စေချင်ပါတယ်။ community Base Rehabilitation ဆိုတဲ့ CBR ကို တချို့နိုင်ငံတွေမှာ တော်တော်လေး ဦးစားပေး လုပ်ကိုင်နေပြီ ဖြစ်ပါတယ်။ ထိုင်းနဲ့ မလေးရှားမှာဆိုရင် နိုင်ငံတော်အစိုးရက လုပ်ငန်းစဥ်တစ်ရပ် အနေနဲ့ကို လုပ်နေပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ပိုင်ခွင့်၊ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့် ခွဲခြားဆက်ဆံမှု မပြုရေး လူအချင်းချင်းနဲ့ တစ်သားတည်း ပေါင်းစပ်ရေး ကွဲပြားခြားနားမှုကို လေးစားဖို့၊ လူသားတို့ရဲ့ အစိတ်အပိုင်းအဖြစ် လက်ခံဖို့ အခွင့်အရေး တန်းတူညီတူရဖို့ ဆိုတဲ့ ယေဘုယျ အခြေခံမူတွေ ချမှတ်ပြီးတော့ ကုသမဂ္ဂအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၀၆ ဒီဇင်ဘာ ၁၃ ရက်မှာ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ အခု ဒီဇင်ဘာ ၃ ရက်နေ့ဆိုလို့ရှိရင် မသန်စွမ်းသူများရဲ့ ကမ္ဘာ့မသန်စွမ်းသူများရဲ့နေ့ ဖြစ်ပါတယ်။ ဒီအတွက်လည်းပဲ ဥက္ကဋ္ဌကြီးကို ထပ်ဆင့်ပြီးတော့ ကျေးဇူးတင်ရပါတယ်။ ဒီဟာကို ကျွန်တော်တို့ Awareness ပေးနိုင်တဲ့သဘော ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် လူ့အဖွဲ့အစည်းက ခွဲခြားဆက်ဆံခြင်းခံနေရတဲ့ ကန့်သတ်တားမြစ်ခံရခြင်းမှ ကင်းလွတ်ပြီးတော့ အများနည်းတူ လူ့အခွင့်အရေး များ ရရှိပြီးတော့ ဒီအခွင့်အရေးကိုလည်း အစိုးရက ကာကွယ်ပေးဖို့ Policy တွေ၊ မူဝါဒတွေ ချမှတ်ပြီးတော့ မသန်စွမ်းသူများအရေးကို မြှင့်တင်ပေးဖို့ မျှော်လင့်နေကြပါတယ်။ လူတိုင်း လူတိုင်းဟာ တစ်ချိန်ချိန်မှာ မသန်စွမ်းသူအဖြစ်ကို ရနိုင်ပါတယ်။

တစ်ခါတုန်းက ကျွန်တော် ကားစီးတဲ့အချိန်မှာ ကားမှောက်သွားပါတယ်။ ဘတ်စ်ကားဟာ ရခိုင်လမ်းမှာ ကားမှောက်ပြီးတော့ ချောက်ထဲတော့ ကျမသွားပါဘူး။ ချောက်နှုတ်ခမ်းလေးမှာ တင်နေပြီးတော့ မှောက်တဲ့အခါမှာ အဲဒီမှာ ထိခိုက်ဒဏ်ရာရတဲ့သူ ရှိပါတယ်။ တချို့များဆိုရင် မြို့နဲ့ဝေးတဲ့အတွက် ပိနေတဲ့လက်ကို ပြန်ပြီးတော့ အကောင်းပကတိ မထုတ်နိုင်လို့ ခုတ်ဖြတ်ပြီးတော့ ယူလိုက်ရပါတယ်။ ချက်ချင်းပဲ အဲဒီလူဟာ မသန်စွမ်း ဖြစ်သွားပါတယ်။ တချို့လည်း ခေါင်းကွဲပြီးတော့ နားရွက်တွေ၊ ဘာတွေ ကွဲသွားပြီးတော့ နားကန်းသွားပါတယ်ဆိုတော့ လူတိုင်း လူတိုင်းဟာ ကျွန်တော်တို့ မပြောနိုင်ပါဘူး။ ဘယ်နေ့များ မသန်စွမ်း ဖြစ်လာမလဲ၊ ဒုက္ခိတဖြစ်လာမလဲဆိုတာ မပြောနိုင်တဲ့အတွက် ဒီဟာကို စာနာစိတ် ထားပြီးတော့ မသန်စွမ်းသူတွေ အရေးကို ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့ ပြောလိုပါတယ်။ သူတို့ မေးတဲ့ မေးခွန်းလေးတွေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြပေးပါမယ်။ မြန်မာနိုင်ငံမှာ သူတို့ သိချင်တာက မသန်စွမ်းသူ ဘယ်လောက်ရှိပါသလဲ။ စာသင်ကျောင်းကို တက်ရောက် မသင်ကြားနိုင်တဲ့ မသန်စွမ်းသူ ကလေးသူငယ် ဦးရေ ဘယ်လောက်ရှိပါသလဲ၊ အတိအကျတော့ သိနိုင်ဖို့တော့ ခဲယဥ်းပါလိမ့်မယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ အချက်အလက်တစ်ခုအနေနဲ့ ကျွန်တော်တို့ တိုင်းပြည်အခြေအနေဟာ မသန်စွမ်းသူတွေ ဘယ်လောက်များ ရှိနေသလဲဆိုတာ သိချင်လို့ မေးတဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။ အထက်တန်းကျောင်းအနေနဲ့ ပညာရေး ဖြည့်ဆည်းပေးနေရတာကို သိပါတယ်။

သို့သော်လည်း အဲဒီလိုကျောင်းတွေဟာ များသောအားဖြင့် မြို့ကြီး ဖြစ်တဲ့ ရန်ကုန်၊ မန္တလေး တို့မှာပဲ ရှိပါတယ်။ စုစုပေါင်း ကျောင်းအရေအတွက်ဟာ (၂၀)တောင်မှ မပြည့်သေးပါဘူး။ ဒါကြောင့် တိုင်းနဲ့ ပြည်နယ်မကျန် တတ်နိုင်လို့ရှိရင် ထားပေးနိုင်ဖို့ တောင်းဆိုပါတယ်၊ ထားပေးနိုင်သလား၊ မထားပေးနိုင်ဘူးလားဆိုတာကိုလည်း မေးထားပါတယ်။ မသန်စွမ်း အနေအထားအလိုက် ပရဟိတ လုပ်ငန်းပုံစံမျိုးနဲ့ စေတနာရှင်တွေရဲ့ လှူဒါန်းမှုကို အားကိုးအားထားပြုနေရပါတယ်။

ဘုန်းကြီးကျောင်း၊ ပညာသင်ကျောင်းများအတွက် ဆရာ၊ ဆရာမများ လစာကို နိုင်ငံတော်က တာဝန်ယူပြီးတော့ ပေးဖို့ ဆုံးဖြတ်ထားတာ ကောင်းမွန်ပါတယ်။ အဲဒီလို ပေးဖို့ ဆုံးဖြတ်ထားသလိုပဲ မသန်စွမ်းကျောင်းများကိုလည်း နိုင်ငံတော်က တတ်နိုင်လို့ရှိရင် လစာကို တာဝန်ယူပေးဖို့ အစီအစဉ် ရှိ/မရှိကို မေးမြန်းထားပါတယ်။ တစ်ခါ မသန်စွမ်းကလေးတွေ လိုအပ်တဲ့ပညာကို ပေးနိုင်တဲ့ ကျွမ်းကျင်တဲ့ ဒါ နည်းပညာနဲ့ ဆိုင်ပါတယ်။ ဆရာ/ဆရာမများ မွေးထုတ်နိုင်ရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်အနေနဲ့ ဘယ်လိုများ ပြင်ဆင်ပြီး ထားရှိပါသလဲ၊ မသန်စွမ်းသူများ လူ့လောက ပတ်ဝန်းကျင်ထဲမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ လူပီသစွာ ရှင်သန်နိုင်ဖို့အတွက် နိုင်ငံတော်မှ မည်ကဲ့သို့သော မူဝါဒဥပဒေများဖြင့် ချမှတ်လုပ်ဆောင်နိုင်ရန် အစီအစဉ်များ ရှိ/မရှိ ဆိုတာကို မေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဒေါ်စုစုလှိုင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင် မေးမြန်းထားရှိတဲ့ မြန်မာနိုင်ငံမှာရှိတဲ့ မသန်စွမ်းသူ ဆိုင်ရာကိစ္စရပ်များကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်မက ပြန်လည် ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်ရှင်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကောက်ယူခဲ့တဲ့ အခြေခံမသန်စွမ်းမှုစာရင်း ကောက်ယူမှု စစ်တမ်းအရ ၂၀၀၈ -၂၀၀၉ အရ မြန်မာနိုင်ငံမှာ နိုင်ငံလူဦးရေ၏ (၂.၃၂)ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ပြီး ၎င်းနှစ် လူဦးရေအရ (၁.၃)သန်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာမှာ မသန်စွမ်းမှုအား ထည့်သွင်းကောက်ယူခဲ့ပြီးတော့ သန်းခေါင် စာရင်းဆိုင်ရာ အချက်အလက်များ ထုတ်ပြန်မယ့် ၂၀၁၅ ခုနှစ် မေလမှာ တိကျတဲ့ လက်ရှိ မသန်စွမ်းသူ ဦးရေစာရင်းကိုရရှိနိုင်မှာ ဖြစ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက ကောက်ယူခဲ့တဲ့ အခြေခံ မသန်စွမ်းမှု စာရင်းကောက်ယူမှု စစ်တမ်းအရ မြန်မာနိုင်ငံမှာရှိတဲ့ မသန်စွမ်းသူများရဲ့ (၅၂)ရာခိုင်နှုန်းဟာ ပညာသင်ကြားခွင့် မရရှိခဲ့ကြပါဘူး။ စာသင်ကျောင်းများကို တက်ရောက် ပညာမသင်ကြားနိုင်တဲ့ မသန်စွမ်း ကလေးသူငယ်ဦးရေကို ၂၀၁၄ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်းစာရင်း အပြီးသတ် ကိန်းဂဏန်းအချက်အလက်များရရှိပါက တိကျစွာ သိရှိနိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတို့မှာ အထူးပညာရေးကျောင်း (၈)ကျောင်း ဖွင့်လှစ်ထားရှိပါတယ်။

အမြင်အာရုံ ချို့တဲ့သူများ၊ အကြားအာရုံ ချို့တဲ့သူများအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများနှင့် ကိုယ်အင်္ဂါ မသန်စွမ်းသူများတွက် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများကို နိုင်ငံတော်စရိတ်ဖြင့် ကျောင်းအိပ်ကျောင်းစား လက်ခံသင်ကြားပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက မသန်စွမ်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ဉာဏ်ရည်ဆိုင်ရာ မသန်စွမ်းသူများအတွက် အထူးကျောင်း(၂)ကျောင်းကို ရန်ကုန်နဲ့ မန္တလေးမြို့မှာ ဖွင့်လှစ်ထားပြီး လူမှု ဝန်ထမ်းဦးစီးဌာနနဲ့ လက်တွဲဆောင်ရွက်နတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများကလည်း ရပ်ရွာအခြေပြု လုပ်ငန်းတွေမှာ ဉာဏ်ရည်မသန်စွမ်းကလေးများအတွက် အထူးပညာရေးအစီအစဥ်များကို ထည့်သွင်းဆောင်ရွက်လျက်ရှိပါတယ်။ အထူးကျောင်းများဖြင့် ပညာရေး ဖြည့်ဆည်းပေးမှုမှာ မသန်စွမ်းသူများ၏ ဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည့်စုံလုံလောက်မှု မရှိသဖြင့် လူတိုင်းအကျုံးဝင် ပညာရေးစနစ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

ဒါကြောင့် ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားတဲ့ အခြေခံကျောင်းတွေဟာ လူတိုင်းအကျုံးဝင် ပညာရေးနည်းလမ်းနဲ့ မသန်စွမ်းသူများရဲ့ ပညာရေး အခွင့်အလမ်းတွေကို ဖြည့်ဆည်းပေးလျက် ရှိပါတယ်။ အခြေခံပညာအဆင့် အောင်မြင်ပြီးပါကလည်း တက္ကသိုလ် ပညာရေးကို ဆက်လက် ဆည်းပူးနိုင်ကြပါတယ်။ အထူးကျောင်းများဖြင့် ပညာရေး ဖြည့်ဆည်းပေးမှုများကို ဉာဏ်ရည် မသန်စွမ်းသူများနဲ့ မသန်စွမ်းမှု ပြင်းထန်တဲ့သူများအတွက်သာ အဓိကထား ဆောင်ရွက်ရန် လိုအပ်တဲ့အပြင် အခြားမသန်စွမ်း အမျိုးအစားများအတွက် ပညာရေးဝန်ကြီးဌာနရဲ့ အခြေခံပညာကျောင်း တွေမှာ လူတိုင်းအကျုံးဝင် ပညာရေးနည်းလမ်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်း ဦးစီးဌာန၏ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ဖွင့်လှစ်ထားတဲ့ မသန်စွမ်းကျောင်းများက ဆရာ/ ဆရာမတွေအတွက် လစာများ ထောက်ပံ့ပေးခြင်း မရှိသော်လည်း နည်းပညာများ ပံ့ပိုးပေးခြင်းအပြင် လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုထားတဲ့ မြစ်ကြီးနားမှာရှိတဲ့ ခရစ်ယာန် မျက်မမြင်ကျောင်း၊ မုံရွာမြို့မှာရှိတဲ့ ရောင်ကြည်သစ် မျက်မမြင်ကျောင်း၊ ပခုက္ကူ မြို့မှာရှိတဲ့ ဗုဒ္ဓဘာသာ မျက်မမြင်ကျောင်း၊ ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင် ပရဟိတ မျက်မမြင်ကျောင်းနှင့် မိတ္ထီလာမြို့ရှိ အရှေ့ဆောင် မျက်မမြင်ကျောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းမှ သူငယ်တော် ယေစူး မသန်စွမ်း ပရဟိတဂေဟာ၊ ရန်ကုန်မြို့က ခဲဝဲခြံမျက်မမြင်ကျောင်း၊ မေရီချက်(ပ်)မင်းနားမကြားသောကျောင်း၊ ဧဒင် မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံတို့ကို သတ်မှတ်ချက်များနဲ့ အညီ သင်တန်းသားတစ်ဦးအတွက် တစ်နှစ်စာ ဆန်ဖိုးငွေ ကျပ် (၃၀၀၀၀) စားစရိတ် ကျပ် (၃၀၀၀၀) အဝတ်အထည်အတွက် ကျပ် (၁၅၀၀၀)နှင့် ဂေဟာမှူးလစာ တစ်နှစ်ကို ကျပ် (၃၆၀၀၀၀)တို့ကို ထောက်ပံ့ ကူညီပေးလျက်ရှိပါတယ်။ မသန်စွမ်း အနေအထားအလိုက် ပရဟိတလုပ်ငန်းပုံစံဖြင့် ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းများ၊ ကျောင်းများအနေနဲ့ လူမှုဝန်ထမ်းဦးစီးဌာနတို့ သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြု လျှောက်ထားလာပါက ဖော်ပြပါ ပံ့ပိုးမှုများ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီး ဌာနရဲ့ ဦးဆောင်မှုဖြင့်မသန်စွမ်းသူများ အခွင့်အရေးများ ဥပဒေမူကြမ်းကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်ရေးဆွဲခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ နိုင်ငံတော်သမ္မတရဲ့ ဥပဒေအကြံပေးအဖွဲ့ရဲ့ သဘောထားအကြံပြုချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်၍

ပြည်ထောင်စုအစိုးရအဖွဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ ၂၂-၁၀-၂၀၁၄ ရက်နေ့မှာ တင်ပြထားရှိပြီး ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဥပဒေ (မူကြမ်း) အား ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ဥပဒေတွင် မသန်စွမ်းသူများရဲ့ ပညာရေးအတွက် ကျွမ်းကျင် ဆရာ/ဆရာမများ လေ့ကျင့်ပေးနိုင်ရန် ဥပဒေမူကြမ်းမှာ ပါရှိတဲ့ အခန်း(၅) မသန်စွမ်းသူများရဲ့ ပညာရေးအခန်း ပုဒ်မ ၂၂ မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး လူတိုင်း အကျုံးဝင် ပညာရေးစနစ်နှင့် ပညာရေးကောလိပ်များ၊ ပညာရေးတက္ကသိုလ်များမှာ မသန်စွမ်းသူများရဲ့ အခွင့်အရေးများ ထည့်သွင်းသင်ကြားရန်လည်းကောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် သင်ကြားနည်းစနစ်များနဲ့ တစ်ဦးကိုတစ်ဦးဆက်သွယ်ရေးနည်းစနစ်များ သင်ယူနိုင်ရန်လည်းကောင်း ဆောင်ရွက်မည်ဟု ထည့်သွင်းဖော်ပြထားပါတယ်။ မသန်စွမ်းသူများရဲ့ အခွင့်အရေးများ ဥပဒေ ပြဋ္ဌာန်းပြီးပါက မသန်စွမ်း သူများရဲ့ အခွင့်အရေးများနဲ့ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေအရ အကာအကွယ်ပေး ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ အမြင်အာရုံ မသန်စွမ်းမှု၊ အကြားအာရုံမသန်စွမ်းမှု၊ ကိုယ်အင်္ဂါမသန်စွမ်းမှုနှင့် ဉာဏ်ရည်မသန်စွမ်းမှု စတဲ့ မသန်စွမ်းမှု အမျိုးအစား (၄)မျိုးထဲက ကိုယ်အင်္ဂါ မသန်စွမ်းမှုများ တက္ကသိုလ် တက်ရောက်လျက်ရှိကြပါတယ်။ တက်ခွင့်ပြုထားပါကြောင်း အမြင်အာရုံမသန်စွမ်းသူများလည်း အကူစောင့်ရှောက်သူနှင့်အတူ တက္ကသိုလ်များ တက်ရောက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဆောမြို့နယ်၊ လောင်းရှည်ဒေသအား UNESCO အသိအမှတ်ပြု ရှေးဟောင်းအမွေအနှစ် ဒေသအဖြစ် တင်ပြသတ်မှတ်ပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် ကမ္ဘာ့လှည့်ခရီးသွား နယ်မြေသစ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ဆောမြို့နယ်၊ လောင်းရှည်ဒေသအား UNESCO အသိအမှတ်ပြု ရှေးဟောင်းအမွေအနှစ် ဒေသအဖြစ် တင်ပြသတ်မှတ်ပေးသွားရန် အစီအစဉ် ရှိ/မရှိနဲ့ ကမ္ဘာ့လှည့်ခရီးသွား နယ်မြေသစ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့

ဖိတ်ကြားထားသောပညာရှင်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြမေးမြန်းလိုတဲ့မေးခွန်းကတော့ ဆောမြို့နယ်၊ လောင်းရှည်ဒေသအား UNESCO အသိအမှတ်ပြု ရှေးဟောင်းအမွေအနှစ် ဒေသအဖြစ် တင်ပြ သတ်မှတ်ပေးသွားရန် အစီအစဉ် ရှိ/မရှိနဲ့ ကမ္ဘာ့လှည့်ခရီးသွား နယ်မြေသစ်အဖြစ် သတ်မှတ် ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းရှည်ဒေသဟာ ရှေးဟောင်းအမွေအနှစ် တွေ အလွန်ပေါကြွယ်ဝတဲ့ နေရာတစ်ခုဖြစ်သော်လည်းပဲ ဖွံ့ဖြိုးမှုနောက်ကျပြီးတော့ ထိန်းသိမ်းမှု အားနည်းချက်ကြောင့် ဆုံးရှုံးမှုအန္တရာယ်တွေနဲ့ရင်ဆိုင်နေရပါတယ်။ အဲဒီဒေသဟာ ကကုသန်မြတ်စွာ ဘုရားလက်ထက်က အပ္ပဟတ္တတိုင်းဟူ၍လည်းကောင်း၊ ကောဏဂုံမြတ်စွာဘုရားလက်ထက်က ဟတ္ထလုင်္ဂတိုင်းဟူ၍လည်းကောင်း၊ ကဿဖဘုရားရှင်လက်ထက်က သုမင်္ဂလတိုင်းဟူ၍လည်းကောင်း၊ ဂေါတမဘုရားလက်ထက်က သုနာပရန္တယောနကတိုင်း ဟူ၍လည်းကောင်း ခေါ်တွင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အနော်ရထာမင်းလက်ထက်ကတော့ အပြင်ခံတပ် (၄၃)မြို့ တည်ဆောက် ရာမှာ အားအကိုးရဆုံး သိမ်းဆည်းအမတ်ရဲ့လက်ရုံး စလင်းမြို့စား ဘယတေဇ ဘွဲ့ခံ စစ်သူရဲကောင်း မောင်ကာကို လောင်းရှည်ခံတပ်၊ တပ်မှူးအဖြစ်ခန့်အပ်ခဲ့ကြောင်း မှတ်တမ်းများမှ တွေ့ရှိရပါတယ်။ လောင်းရှည်ဆိုတဲ့ အမည်ကို အလောင်းစည်သူမင်းကြီးဟာ သက္ကရာဇ် (၄၅၇) ခုနှစ်မှာ အဲဒီဒေသကို ရောက်ရှိစဉ် သက်နတ်သား လောင်းလှေကြီးပြုလုပ်ခဲ့ရာကနေ ခေါ်တွင်ခဲ့တယ်လို့ သိရပါတယ်။ လောင်းရှည်ဒေသဟာ ရှေးဟောင်းစေတီပေါင်း (၁၀၈) ဆူ၊ တန်ဆောင်းပေါင်း (၆) ဆောင်၊ ဘုန်းတော်ကြီးကျောင်း (၁၈)ကျောင်း၊ ပြဿဒ် (၃၃) ဆောင်၊ ခဏ္ဍသိမ်ပေါင်း(၇)ဆောင်၊ ဇရပ်ပေါင်း (၁၄)ဆောင်တို့ တစ်စုတစ်ဝေးတည်း တည်ရှိနေတဲ့ နေရာဖြစ်ပြီးတော့ ယခုအချိန်မှာတော့ ယိုယွင်း ပျက်စီးပြီးတော့ စနစ်တကျထိန်းသိမ်းမှုအားနည်းတဲ့အတွက်ကြောင့် ရှေးဟောင်းအမွေအနှစ်တွေ ပျောက်ကွယ်တော့မည့် အန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။

အဓိက တင်ပြလိုသည်ကတော့ မြန်မာပြည်ဗုဒ္ဓသာသနာထွန်းကားလာတာဟာ ပုဂံပြည်မှာ ရှင်အရဟံကြွလာမှ စတင်ရောက်ရှိလာတယ်ဆိုတဲ့အချက်ဟာ လောင်းရှည်ထက်များစွာ နောက်ကျ နေကြောင်း သက်သေအထောက်အထားတွေအရ တွေ့ရှိတာကို ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ လောင်းရှည်မြို့ မင်္ဂလာဦးဘုရားဝင်းအတွင်းမှာရှိတဲ့ ခေါင်းလောင်းကို စစ်ဆေးကြည့်တဲ့အခါမှာ သက္ကရာဇ် ဒဒ ဂ၆ လို့ ပါရှိနေတဲ့အတွက်ကြောင့် ပုဂံပြည်မပေါ်ပေါက်မီ သရေခေတ္တရာ ဒွတ္တဘောင် မင်းလက်ထက်ကပင် လောင်းရှည်မှာ ဗုဒ္ဓသာသနာ ထွန်းကားနေပြီလို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သက္ကရာဇ်(၁၅၃)ခုနှစ်လို့ ရေးထိုးထားတဲ့ ယွန်းဘုရားတစ်ဆူကိုလည်း တွေ့ရတဲ့အတွက် ကြောင့် ပုဂံကို ရှင်အရဟံကြွလာတာထက် (၂၂၇)နှစ် စောနေတယ်လို့ ယူဆနိုင်ပါတယ်။ အသေးစိတ် လေ့လာဖို့ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ သွားရောက် လေ့လာ သင့်တယ်လို့ ယူဆပါတယ်။ လောင်းရှည်ဘုန်းတော်ကြီးကျောင်းမှာ အခုခေတ်စာမဟုတ်တော့တဲ့ သာမန်လူတွေ ဖတ်လို့ နားမလည်နိုင်တဲ့ ပေစာတွေ အများအပြားဟာ အထုပ်လိုက် သိမ်းဆည်းထား တာတွေ့ရပြီးတော့ အဲဒီလို သိမ်းဆည်းထားတာကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေပါတယ်။ အဆင့်မြင့်မြင့်

စနစ်တကျ သိပ္ပံနည်းကျကျ ထိန်းသိမ်းသင့်တယ်လို့ ယူဆပါတယ်။ ဒ့ါအပြင် ရှေးဟောင်း ရုပ်ပွားတော်တွေကိုလည်း အောက်ခြေကနေ လွှနဲ့ဖြတ်ပြီးတော့ ခိုးတာတွေ၊ ခေါင်းဖြတ်ခိုးယူတာတွေလည်း ရှိနေပြီးတော့ လောင်းရှည်ကို ကျွန်တော်တို့ ပေ(၁၀၀၀) ရှိတဲ့ စလင်းချောင်းဖြတ်ကူး တံတားကြီး ဒီနှစ်မှာ ထိုးတဲ့အခါမှာ အဲဒီ Approach တွေကို ချဉ်းကပ်လမ်းတွေကို ဒိုဇာနဲ့ထိုးတော့ ကြေးလက်ကောက်တွေ၊ ပုတီးတွေ၊ နားကွင်းတွေ အများအပြား ပေါ်ထွက်လာတာကို တွေ့ရပါတယ်။ ရှေးဟောင်း အမွေအနှစ်များကို အချို့အလှူရှင်တွေက တန်ဖိုးထားရ ကောင်းမှန်းမသိဘဲနဲ့ ဖြိုဖျက်ပြီးတော့ အသစ်ပြန်ပြီး တည်ဆောက်နေတဲ့ဟာကိုလည်း နှမြောစရာတွေ့ရပါတယ်။ အချိန်မီ ထိန်းသိမ်းသင့်တယ်လို့ ယူဆပါတယ်။

ဒ့ါအပြင် အင်း၀ခေတ်လောင်းရှည်ဒေသသို့ ကျူးကျော်လာသူ ဘုရင်ထောရာကြီးမင်းကို မင်းရဲကျော်စွာကနှိမ်နင်းတဲ့အခါမှာ ကျဆုံးသွားတဲ့ ထောရာကြီးမင်းကိုဂုဏ်ပြုပြီးတော့ ဘုရားတည်ထားတဲ့ ဂူကိုလည်း ဒီနေ့အထိတွေ့နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပုဂံခေတ်မတိုင်မီကနေ ကုန်းဘောင်ခေတ်မင်းတုန်းမင်းရဲ့တံဆိပ်တော်ပါတဲ့ ပေရွက်တွေအထိ ရှေးဟောင်းအမွေအနှစ်တွေ တစ်စုတစ်ဝေးတည်း စုပြုံတည်ရှိနေတဲ့ လောင်းရှည်ဒေသကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနမှ အသေးစိတ်လေ့လာပြီးတော့ UNESCO အထောက်အပံ့ခံအဖြစ် ဗိဿနိုးမြို့ဟောင်းကဲ့သို့ သတ်မှတ်သွားမည်ဆိုရင် ရှေးဟောင်းအမွေအနှစ်များကို လာရောက်လေ့လာကြတဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ လောင်းရှည်ဒေသမှာ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ တည်းခိုခန်းတွေ၊ ဟိုတယ်၊ မိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ လက်ဆောင်ပစ္စည်းတန်းတွေ ဒါတွေဟာ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနိုင်ပါတယ်။ ဒါအပြင် လောင်းရှည်ဟာလည်း ဆောမြို့နယ်မှာ ရှိတဲ့အတွက်ကြောင့် ဆောနှင့်(၁၂)မိုင်မှာ ဝေးတဲ့ ချင်းပြည်နယ် ကန်ပက်လက်မြို့ ပေ (၁၀၂၀၀) မြင့်တဲ့ မောင့်ဗစ်တိုးရီးယားလို့ခေါ်တဲ့ နတ်မတောင်ကို လာရောက်လည်ပတ်နေတဲ့ နိုင်ငံခြားသားတွေအတွက်လည်း ခရီးသွားလုပ်ငန်းပြကွက်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာမယ်လို့ယုံကြည်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့လည်း ဆော-သီကုန်း-လောင်းရှည်လမ်းပိုင်းကို တံတား (၉)စင်း ယခုနှစ်မှာ ဘတ်ဂျက်ကျတဲ့အတွက် ပွင့်လင်းရာသီအပြီး တည်ဆောက်နေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်ပရိုဂျက်တာနဲ့ အနည်းငယ်တင်ပြပါမယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ရှေးဟောင်း ခေါင်းလောင်းရဲ့ ခြင်္သေ့ရုပ်တွေ၊ နဂါးရုပ်တွေ ဖြစ်ပါတယ်။ ကျွန်တော် အဲဒီ ရဲတွေ၊ ရယက ရဲတွေကို ဒီခေါင်းလောင်းတွေ စနစ်တကျ အပြင်မှာထားမယ့်အစား ထိန်းသိမ်းထားဖို့ ဒါတွေဟာ ကျွန်တော်သိရသလောက်နှစ်ပေါင်း တစ်ထောင်ကျော်နေပြီဖြစ်တဲ့ ခေါင်းလောင်းတွေဟာ တချို့ဆိုရင် နှစ်ပေါင်းနှစ်ရာ လောက်နဲ့ကိုပဲ ဒါ ထိုင်းနိုင်ငံမှာ ဒေါ်လာသန်းချီရတယ်လို့ ကျွန်တော်ကြားသိရပါတယ်။ ဒီဘုရားတွေကတော့အခုခေတ်မှ ပြန်တည်တဲ့ဘုရားတွေဖြစ်ပါတယ်။ ဒါရှေးဟောင်းဘုရား ရုပ်ပွားတော် ထိန်းသိမ်းဖို့အင်မတန်လိုအပ်နေပြီဆိုတာကို တွေ့ပါတယ်။ အဲဒါကို သူတို့ပြုပြင်မလို့ အခုခေတ်ပန်းရံတွေနဲ့လုပ်နေတာကိုတွေ့ရတော့ ကျွန်တော်က ဟာ ခင်ဗျားတို့ လုပ်ပါအုံး။ ခဏလေးစောင့်ပါဦးလို့ ကျွန်တော်တားထားရပါတယ်။ ဒါ အခိုးခံရတဲ့ဘုရားဖြစ်ပါတယ်။ ရှေးဟောင်းဘုရား။ ဒါ အခုခေတ် ခြင်္သေ့ရုပ်တွေဖြစ်ပါတယ်။ လုံးဝကို လက်ရာက မကောင်းတော့ပါဘူး။ ဒါ အရင်တုန်းက သစ်သားဆင်းတုမှာ ဒါကျောက်မျက်တွေ စီထားတဲ့အရာ၊ အခုတော့ ချိုင့်ခွက်ပဲ ကျန်ပါတော့တယ်။

ဒါ ရှေးဟောင်းဘုရားတွေ အခု အပြိုအပျက်တွေကြားမှာ အင်မတန်အဖိုးတန်တဲ့၊ နှစ်ပေါင်းထောင်ချီကြာနေတဲ့ ရှေးဟောင်းဘုရားတွေပါ။ ဒါ ဘုရင်ထောရကြီးရဲ့ဂူဘုရားပါ။ သစ်သားနဲ့လုပ်တဲ့ အင်မတန်ရှေးကျနေတဲ့၊ နှစ်ပေါင်းထောင်ချီကြာနေတဲ့ ရုပ်တုတစ်ခုပါ။ ပျက်စီးနေပါတယ်။ ဒီမှာ ခေါင်းဖြတ်ခံထားရတဲ့ ဘုရားဖြစ်ပါတယ်။ ခေါင်းဖြတ်ပြီးတော့ ခိုးတဲ့သူတွေက ရောင်းချတာဖြစ်ပါတယ်။ ဒါခိုးယူခြင်းခံရတဲ့ ဘုရားဖြစ်ပါတယ်။ ဒါ ရှေးဟောင်းဘုရားစေတီတွေ တစ်စုတစ်ဝေးတည်း ဒီလိုချုံပုတ်ထဲမှာတွေ့ရတာ ဖြစ်ပါတယ်။ အဲဒါ တကယ့်ရှေးထဲက ကုန်းဘောင်လက်ရာ တစ်ခုဖြစ်ပါတယ်။ အရုပ်တွေဟာ ဘုရားရဲ့တံခါးပေါက်မှာ တွေ့ရတာဖြစ်ပါတယ်။ ဒီခေါင်းလောင်းတော်ဟာလည်း နှစ်ပေါင်း(၁၀၀၀) ကျော်တဲ့ခေါင်းလောင်းဖြစ်ပါတယ်။ ဒါ ဘူဒိုဇာထိုးလိုက်လို့ ပေါ်လာတဲ့ ဆင်းတုဖြစ်ပါတယ်။ အဲဒီမှာ ဘူဒိုဇာထိုးလိုက်လို့ပေါ်လာတဲ့ဆင်းတုတွေကို ဒါ ဒေသခံတွေက ရွှေလားလို့ အက်ဆစ်နဲ့ လောင်းလိုက်တော့ အဲဒီလိုတွေ မဲကုန်တာဖြစ်ပါတယ်။ ဒါ နားကွင်းတွေ၊ ကျောက်ပုတီးတွေ ခုနလို အဲဒါတွေ တွေ့ရတာဖြစ်ပါတယ်။ အဲဒီမှာဒါကြီးကတော့ ရှေးဟောင်းသေတ္တာကြီးကို တွေ့ရတာပါ။ မှန်စီရွှေချရှေးဟောင်းသေတ္တာ၊ ရှေးဟောင်းယွန်းအုပ်ကြီးတွေ။ ဒါ ရှေးဟောင်း ခေါင်းလောင်းကို ထမ်းထားတဲ့ သစ်သားရုပ်ပါ။ ဘီလူးထမ်းတားတဲ့ သစ်သားရုပ်ပါ။

အဲဒီမှာ မင်းတုန်းမင်းရဲ့တံဆိပ်တော်ပါတဲ့ ပုရပိုက်ပါ။ ဒါ မင်းတုန်းမင်းရဲ့တံဆိပ်တော်ပါ ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ သလွန်တော်၊ ညောင်စောင်းလို့ခေါ်တာပေါ့ အိပ်တဲ့ ခုတင်ပေါ့။ ဒါ အဲဒီဘုန်းကြီးကျောင်းမှာရှိတဲ့တိုင်ပါခင်ဗျား။ ဒါ သလွန်တော်ပါ။ ဒါကတော့ လူတစ်ယောက်ထမ်းတဲ့ ဝေါပါ။ လူတစ်ယောက် အဲဒီထဲမှာထိုင်ပြီးတော့ လိုက်ရမယ်။ ဒါကို လူတစ်ယောက်စီးတဲ့ ဝေါယာဥ်ပါ။ ဒါက ကျွန်တော်တို့ သာမန်လူတွေ မဖတ်နိုင်တဲ့ပေပုရပိုက်တွေ စုပေါင်းပြီးတော့သိမ်းထားတဲ့ ဗီရိုပါ။ ဒီရှေးဟောင်းခြသေ့်ရုပ်တွေကတော့ ချုံပုတ်တွေထဲမှာ အခုလို နှမြောစရာ တွေ့ရတာဖြစ်ပါတယ်။ ဒီဟာ သက္ကရာဇ် (၁၅၃)နှစ်က ယွန်းဘုရားပါ။ ကျွန်တော် အဲဒီက ရဲတွေ၊ ရယကတွေ စနစ်တကျ ထိန်းသိမ်းဖို့ မှာကြားပါတယ်။ ဒါကတော့ အခုခေတ်မှာ နှမြောစရာကြီးပေါ့။ ၂၀၁၄ မှာ ဘုရားပျက်တွေကို ဖြိုပြီးတော့ အခုခေတ်မှာ ပြန်ပြီးတော့ တည်ဆောက်ထားတဲ့ အခုခေတ်လက်ရာတွေ ဖြစ်တဲ့အတွက် ဒါ နှမြောစရာကြီး တွေ့ရတာ ဖြစ်ပါတယ်။ ဒီလောက်ဆိုရပါပြီခင်ဗျား။ အဲဒီမှာ စာ ပါ ပါတယ်။ ၁၂၆ ခုနှစ်က ခေါင်းလောင်း သက္ကရာဇ်ထိုးထားတာ ဖြစ်ပါတယ်။ ဒီဟာဆိုလို့ရှိရင် ဒဒ ဝ၆ ခုနှစ်က ခေါင်းလောင်းပါ ခင်ဗျ။ အဲဒီ ဘယ်ဘက် အောက်ကဆိုရင် ဒဒ ဝ၆ ခုနှစ်လို့ တံဆိပ်ရေးထားပါတယ်။ ရပါပြီခင်ဗျား။ အဲဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီဒေသတွေကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာအောင်ရယ်၊ ထိန်းသိမ်းဖို့ သင့်တယ်ဆိုတဲ့အကြောင်းရယ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဓာတ်ပုံတွေက ရှေးဟောင်းလုပ်သားကိုယ်တိုင်တင်ပြတာလား။

လူစီးဝေါယာဉ်၊ သလွန်တော်၊ မင်းတုန်းမင်း၏တံဆိပ်တော် သက္ကရာဇ် ၁၂၆ ခုနှစ်က ခေါင်းလောင်းတော် ပုံများ (စစ)


လူတစ်ယောက်စီးဝေါယာဉ်


သလွန်တော်


မင်းတုန်းမင်း ၏တံဆိပ်တော်


သက္ကရာဇ် ၁၂၆ ခုနှစ်ကခေါင်းလောင်းတော်

14-8-2014

ရှေးဟောင်းသေတ္တာ၊ သက္ကရာဇ် ဒဒ-၀၆ ခုနှစ်က ခေါင်းလောင်းတော်၊ သက္ကရာဇ် ဒဒ-၀၆ ခုနှစ်က ခေါင်းလောင်းတော်၊ ဘုရင်ထောရာကြီးဂူဘုရား ပုံများ (စစ)


ရှေးဟောင်းသေတ္တာ


သက္ကရာဇ် ဒဒ-၀၆ ခုနှစ်ကခေါင်းလောင်းတော်


သက္ကရာဇ် ဒဒ-၀၆ ခုနှစ်ကခေါင်းလောင်းတော်


ဘုရင်ထောရာကြီးဂူဘုရား

14-8-2014

နံရံဆေးရေးပန်းချီ၊ သက္ကရာဇ် ၁၅၃ ခုနှစ်က ယွန်းဘုရား၊ ထမင်းစားသစ်သားပုဂံကြီး၊ ရှေးဟောင်းကြွေဇလုံ ပုံများ (စစ)




**တိုင်းရင်းသားမျိုးနွယ်စုများ၏ မြို့ပြ ယဉ်ကျေးမှု အမွေအနှစ်များ တိမ်ကောပပျောက်ခြင်းမှ ထိန်းချုပ်နိုင်ရန် လိုအပ်သော အမွေအနှစ်၊ အဆောက်အအုံ၊ ပြတိုက်များ ပံ့ပိုးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် က တိုင်းရင်းသားမျိုးနွယ်စုများ၏ မြို့ပြ ယဉ်ကျေးမှု အမွေအနှစ်များ တိမ်ကောပပျောက်ခြင်းမှ ထိန်းချုပ်နိုင်ရန် လိုအပ်သော အမွေအနှစ်၊ အဆောက်အအုံ၊ ပြတိုက်များ ပံ့ပိုးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်ပုဂ္ဂိုလ်ကြီးများအားလုံး မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာရေးအတွက် တိုင်းရင်းသားမျိုးနွယ်စုများရဲ့ ယဉ်ကျေးမှုအမွေအနှစ်များ

တိမ်ကောပပျောက်ခြင်းကို ထိန်းကွပ်စေ၍ ဆက်လက်ရှင်သန်နိုင်ရန် စူးစမ်းလေ့လာမှုများအပေါ် အချက်အလက်များ စနစ်တကျဆောင်ရွက်ရေး၊ ကဏ္ဍအလိုက်ခွဲခြား ပြသရေး၊ စုဆောင်းမှုနှင့် ပြသမှုတို့အတွက် လိုအပ်နေသော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အဦ၊ ပြတိုက်များကို ပံ့ပိုးကူညီဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ယဉ်ကျေးသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံမြောက်ဖျားပိုင်းတွင်အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှာ မရှိတဲ့ ဆီးနှင်းများဖုံးလွှမ်းလျက်ရှိတဲ့ လှပသော တောင်တန်းများ၊ အင်းအိုင်ကြီးများ၊ အလယ်ပိုင်းတွင် သဘာဝတောတောင်၊ ရေတံခွန်၊ စိမ့်စမ်းရေများ၊ လယ်တော၊ ယာတော၊ စိုက်ခင်းများ၊ မြစ်ချောင်းများနှင့်လွင်ပြင်များ၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ပင်လယ်ပြင်ကြီးနှင့် ၎င်းတို့နှင့်ထိစပ်နေသော ကမ်းခြေဒေသများက ဆွဲဆောင်မှုပသာဒ အပြည့်ပင် ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဦးစားပေး သတ်မှတ်ထားသော ကဏ္ဍများတွင် လူမှုရေးနှင့်ဆက်နွယ်သော ကိစ္စရပ်များဟာ အများဆုံးဖြစ်ပြီး လူ့ဘဝအတွက်ဖြစ်စေ၊ ဒေသတွင်း၌ဖြစ်စေ အထူးအရေးပါ အရာရောက်သော ကိစ္စများပင်ဖြစ်ပါတယ်။ အမျိုးသားယဉ်ကျေးမှုသမိုင်းအမွေအနှစ်များဟာ ယဉ်ကျေးမှုဓလေ့ထုံးစံများဟုသာ များသောအားဖြင့် သိရှိနားလည်ထားရှိကြပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအခြေခံမူ ၂၂ မှာ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှုတို့ကို တိုးတက်စေရန် ကူညီဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးတဲ့ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စသည်တို့တွင်ပါဝင်သော လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည်ဟု ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအခြေခံမူ ၂၇ တွင်လည်း နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်နေမည်ဟု ဖော်ပြထားပါသဖြင့် ယဉ်ကျေးမှုဟူသည် အမျိုးသားအမွေအနှစ်များသာမကပဲ လူမှုအသိုက်အဝန်းတစ်ခုလုံး၏ လိုအပ်ချက်များကိုပါ လွှမ်းခြုံမှုအတွက် ကျယ်ဝန်းနက်ရှိုင်းပြီး အရေးပါသည်ဟု သုံးသပ်ပါတယ်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ထူပါရုံဘုရားသမိုင်းမှတ်တမ်း ကျောက်စာအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး တစ်ဝိုက်ရှိ ဒေသအနှံ့အပြားမှ ရရှိသော ပင်းယခေတ်မှ ကုန်းဘောင်ခေတ်ဦး အေဒီ (၁၄)ရာစုမှ (၁၈)ရာစုအထိရေးထိုးထားသော ကျောက်စာ (၂၄)ချပ်ကို ၁၉၀၅ ခု ကတည်းက ကျောက်စာရုံတည်ဆောက် ထိန်းသိမ်းစောင့်ရှောက်ထားမှုကို ကြည့်ရှုပြီး လေ့လာသူများ၊ သုတေသီများ၊ အလွယ်တကူ ဖတ်ရှုလေ့လာသိရှိနိုင်ရေးအတွက် ကျောက်စာချပ်များတွင် ရေးထိုးထားသည့် အကြောင်းအရာရှင်းလင်းချက် စနစ်တကျ ပြန်လည်၍ ရေးသားပြသထားရန် အခြေအနေ အချိန်အခါအရ လိုအပ်လိမ့်မည်လို့ သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့ပြင်မှမက မကြာသေးမီက ကမ္ဘာ့အမွေအနှစ်များအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။ လွန်ခဲ့တဲ့ ဘီစီ (၂၀၀)မှ အေဒီ (၉၀၀)အကြား တည်ထောင်ခဲ့သော ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာကဲ့သို့သော ပျူခေတ်မြို့ပြများ၊ အလားတူအေဒီ (၁၁)မှ (၁၃)ရာစု လက်ရာပုဂံခေတ် ဂူ၊ ပုထိုးများ၊ မြန်မာနိုင်ငံအနှံ့ရှိ ဇီဝမျိုးစိတ်၊ မျိုးကွဲများ၊ အခြားသော အထင်ကရ စေတီပုထိုးများ၊ ရှေးဟောင်းသမိုင်းဝင်အဆောက်အဦများနှင့် ကိုယ်ပိုင်ရိုးရာဓလေ့စရိုက်

ဝိသေသများနှင့် ပြည့်နှက်ကာ ရိုးသားဖြူစင်သည့် တိုင်းရင်းသားမျိုးနွယ်စု (၁၃၅)မျိုးကျော် စုပေါင်းနေထိုင်လျက်ရှိရာ ၎င်းတို့သည် ခရီးသွားလုပ်ငန်းအတွက် မရှိမဖြစ် လိုအပ်သော အခြေခံကောင်းများပင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ တွန်းဇန်မြို့ရဲ့ နယ်စားစော်ဘွားကြီး၏ သမိုင်းဖြစ်စဉ်တစ်ခုကို တင်ပြချင်ပါတယ်။ တီးတိန်နယ်စား ကမ်ဟောက် (ဆုပ်တဲ)၊ ယခင် မြေရှင်ပဒေသရာဇ်ခေတ်ကမ်ဟောက်စော်ဘွားကြီးရဲ့ တီးတိန်-တွန်းဇန် အုပ်ချုပ်ရာ နယ်မြေဖြစ်ပြီး ၁၈၆၈ ခုနှစ်တွင် စော်ဘွားကြီး ကွယ်လွန်သွားခဲ့ပါတယ်။ ၁၈၇၀ ပြည့်နှစ်တွင် ခေါ်မွန်ခေါ် အရပ်ဒေသ ယခုလက်ရှိ ပိုးစာစက်ရုံတည်ရှိရာနေရာတွင် အိမ်ခြေ (၃၀)ခန့်ရှိတဲ့ ရွာငယ်လေးတစ်ရွာ ဖြစ်ပါတယ်။ တွန်းဇန်ရဲ့ အဓိပ္ပာယ်မှာ ဖွင့်ဆိုရရင် တွန့် ဟူသည်မှာ အတူတကွ သွားလာလှုပ်ရှားခြင်း၊ ဇန် ဆိုသည်မှာ အခြေစိုက်နေထိုင်ခဲ့သော အရပ်ဟု အဓိပ္ပာယ်ခေါ်ဆိုပါတယ်။ အင်္ဂလိပ်-မြန်မာစစ်၏ ၁၈၈၀ ခုနှစ်အတွင်း တွန်းဇန်ရွာပတ်ဝန်းကျင်တွင် ရွှေဂျိုးဖြူမင်းသား ဦးဆောင်၍ နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေး အင်အားစုများဟာ ချင်းတိုင်းရင်းသားများနှင့် ပူးပေါင်းပြီးတော့ ဗြိတိသျှတို့ကို တော်လှန် တိုက်ခိုက်ခဲ့ကြပါတယ်။ ၁၉၂၀ ခုနှစ်တွင် ကမ်ဟောက် စော်ဘွားနယ်စားပူဟောက်ကျင့်ခုပ် လက်ထက်တွင် တွန်းဇန် ရွာ ယခင်နေရာမှာ ခွါင်ဇန်အရပ်သို့ တစ်ရွာလုံးပြောင်းရွှေ့ပြီး ၎င်းအရပ်ကို တွန်းဇန်ဟုပင် ခေါ်ဝေါ် ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ၎င်းအချိန်သည် စော်ဘွားများအုပ်ချုပ်သော ခေတ်ကာလဖြစ်၍ အတိတ်မှ ပစ္စုပ္ပန်ကာလ ခေတ်အဆက်ဆက်ယနေ့အထိ ယဉ်ကျေးမှုတိမ်ကောပပျောက်မည့်အခြေအနေတွင် ရောက်ရှိနေပါသဖြင့် ပြုပြင်ကုစား ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ နယ်စားစော်ဘွားများ၏ အသုံးအဆောင်ပစ္စည်းများ၊ ရိုးရာတူရိယာအတီးအမှုတ် ပစ္စည်း၊ မျှော်စင်၊ စော်ဘွားမျိုးနွယ်များ ကွယ်လွန်သည့် အချိန်တွင် နယ်စားစော်ဘွားအမျိုးများသာ သင်္ဂြိုလ်သည့် သုသာန်နဲ့ အရိုးအိုး ထိန်းသိမ်းရာ ကျောက်ပလ္လင်၊ သုသာန်သဖွယ် ဂူ သို့မဟုတ် ဇရပ် တို့ပြင် ကမ္ပည်းကျောက်စာရေးထိုးထားသော ကျောက်စာတိုင်၊ မနောတိုင်၊ တံခွန်တိုင် အစီအရီ စိုက်ထူထားသော်လည်း တဖြည်းဖြည်း မှေးမှိန်တိမ်ကောလာပါသဖြင့် ၎င်းအမွေအနှစ်များကို သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများမှ ခြံစည်းရိုးများ စနစ်တကျ ကာရံခြင်း၊ ထိန်းသိမ်းခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများ ဒေသခံအားလုံးမှ ချစ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်သွားရေးအတွက် မြို့ပြအမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ကို စတင်တည်ထောင်ပြုလုပ်ပေးသင့်ပါသည်ဟု သုံးသပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့ကြောင့် မြို့ပြအမွေအနှစ်၊ အဆောက်အအုံများအား ပြန်လည်အသုံးချခြင်းနှင့် ပြုပြင် ထိန်းသိမ်းခြင်းအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်း၊ အမွေအနှစ် အဆောက်အအုံများစာရင်း စုဆောင်းခြင်းနှင့် ဥပဒေဖြင့် ကာကွယ်မည့် စာရင်းပြုလုပ်ခြင်း၊ ဒေသခံလူထုတို့နှင့်သက်ဆိုင်သော အကြောင်းအရာများနှင့် ဓာတ်ပုံများအား သုတေသနပြုခြင်းနှင့် မော်ကွန်းတင် ထိန်းသိမ်းပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါတယ်။ ၎င်းအပြင် မြို့ပြအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် အကြံပေးခြင်း၊ သင်တန်းပေးခြင်း၊ ပြည်သူတို့အား အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မည်ဟု ထင်မြင်ယူဆပါသည်။ ထို့ကြောင့် မြို့ရဲ့ အမှတ်အသားတစ်ခုအဖြစ်

ပြည်သူများလေ့လာနိုင်ရန် လူအများနှင့်သက်ဆိုင်သော နေရာများတွင် အဆိုပါနေရာနှင့် ဆက်စပ်နေသည့် သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများနှင့် သမိုင်းအဖြစ်အပျက်များအကြောင်းကို ဖော်ပြ၍ ကမ္ပည်းထိုးမော်ကွန်းတင် မှတ်တမ်းပြု တပ်ဆင်ထားသင့်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတကာမှဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလွယ်ကူစွာ ဝင်ရောက်လာနိုင်တော့မည် ဖြစ်ပါတယ်။ သို့ဖြစ်၍ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရ၊ ပုဂ္ဂလိကပြည်သူနှင့် လူ့အဖွဲ့အစည်းအသီးသီးတို့က စနစ်တကျ ပူးပေါင်းပါဝင်မှုဖြင့် ပေါင်းစည်းညှိနှိုင်း၍ မြှင့်တင်ဆောင်ရွက်ပါက မြန်မာ့ခရီးသွားလုပ်ငန်းသည် တောင်ပေါ်၊ မြေပြန့်၊ မြို့ပြနှင့် ကျေးလက်ပါမကျန် လူမှုစီးပွားဘဝဖွံ့ဖြိုးစေရေးကို အထောက်အကူဖြစ်လာစေမည် ဖြစ်ပါသဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန် ဒေသတစ်ခုရဲ့လိုအပ်နေသော ယဉ်ကျေးမှုပြတိုက်၊ အမွေအနှစ် အဆောက်အအုံများ တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြည်သူများ၏ ကိုယ်စား ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၀၇။**

**ဦးသန်းဆွေ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ မေးမြန်းတဲ့ မေးခွန်းကို ရှေးဦးစွာဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးမှာ ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝအမွေအနှစ်များ၊ ယဉ်ကျေးမှုနဲ့သဘာဝရောနှောနေတဲ့ အမွေအနှစ်များ ရေရှည်တည်တံ့စေရန်နှင့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနဲ့ ယဉ်ကျေးမှုအဖွဲ့ UNESCO က ၁၉၇၂ ခုနှစ်မှာ ကမ္ဘာ့ယဉ်ကျေးမှုနဲ့ သဘာဝ အမွေ အနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ကွန်ဗင်းရှင်း Convention concerning the Protection of the World Cultural and Natural Heritage 1972 သဘောတူညီချက်ကိုထုတ်ပြန်ကြေညာခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မိမိတို့ရဲ့အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် အဆိုပါ World Heritage သဘောတူညီချက်ကို ၁၉၉၄ ခုနှစ် လွှတ်တော်မှာ လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်နိုင်ငံ ဖြစ်လာပါတယ်ခင်ဗျား။ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသအဖြစ် သတ်မှတ်ရာမှာ အောက်ပါအတိုင်း အမျိုးအစားအားဖြင့် (၃)မျိုး ခွဲခြားထားပါတယ်။

(၁) ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ် Cultural World Heritage Site ၊ (၂) သဘာဝအမွေအနှစ်ဆိုင်ရာအမွေအနှစ် Natural World Heritage Side ၊ (၃) ယဉ်ကျေးမှုနှင့်

သဘာဝရောယှက်အမွေအနှစ် Mixed World Heritage Site ။ အထက်ပါဖော်ပြပါ ယဉ်ကျေးမှု အမွေအနှစ် အမျိုးအစားများမှာ စံနှုန်းသတ်မှတ်ချက်များအရ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ် Cultural World Heritage Site အတွက် သတ်မှတ်ထားသည့်စံနှုန်း Criteria များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ လူသားများ၏ဖန်တီးပြုလုပ်ထားသော ယဉ်ကျေးမှုသမိုင်းတစ်လျှောက်မှာ တုနှိုင်းမရသော စံပြုလောက်တဲ့ ဂန္ထဝင်တွင်သော ပြောင်မြောက်လှသည့်လက်ရာများ၊ လူသားများ၏တန်ဖိုးကို ပြောင်းလဲစေသော အရေးပါအချိန်ကာလတစ်ခုအတွင်း သို့မဟုတ် ယဉ်ကျေးမှုဒေသတစ်ခုအတွင်း ဗိသုကာလက်ရာ နည်းပညာအဆောက်အအုံ အနုပညာမြို့တော် တည်ဖွဲ့မှုနှင့် သဘာဝရေမြေပုံစံများ တိုးတက်ပြောင်းလဲမှု၊ တည်နေဆဲဖြစ်သော သို့မဟုတ် ကွယ်ပျောက်ခဲ့သော ယဉ်ကျေးမှုဓလေ့ သို့မဟုတ် မြို့ပြယဉ်ကျေးမှုတစ်ခု၏ အတုမရှိမှု သို့မဟုတ် ပြယုဂ်တစ်ခုအဖြစ်ကျန်ရှိနေမှု၊ လူ့သမိုင်းတွင် သိသာထင်ရှားသော အဆင့်တစ်ခု သို့မဟုတ် ထိုထက်ပိုစွာ ဖော်ပြထားသော အဆောက်အဦပုံစံများ၊ ဗိသုကာလက်ရာ နည်းပညာဆိုင်ရာ အစိတ်အပိုင်းများ၊ ရေမြေဒေသများ၊ လူသားအားလုံး အသိအမှတ်ပြုလက်ခံနိုင်သော ပြောင်းလဲဖြစ်ပျက်နေတဲ့ သဘာဝတရားအရ ဖြစ်ပေါ်လာနေတဲ့ ယဉ်ကျေးမှုနဲ့ လူသားများရဲ့ အစဉ်အလာအရ အခြေချနေထိုင်တဲ့ ကမ္ဘာမြေကြီးနဲ့ ပင်လယ်များကို အသုံးချခဲ့မှုများ၊ လူသားအားလုံး အသိအမှတ်ပြုလက်ခံနိုင်သော အရေးပါထင်ရှားတဲ့ အဖြစ်အပျက်များ၊ ရှင်သန်ဆဲ ထုံးတမ်းဓလေ့များ၊ အတွေးအခေါ်များ၊ ယုံကြည်ချက် အနုပညာ စာပေ လက်ရာများဖြင့် ဆက်စပ်ဖြစ်ပျက်ခဲ့မှုများ၊ သဘာဝအမွေအနှစ်ဆိုင်ရာ အမွေအနှစ် Natural World Heritage Site အတွက် သတ်မှတ်ထားတဲ့စံနှုန်း Criteria များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

သဘာဝ အလှတရားနဲ့ အနုပညာဆိုင်ရာ သဘာဝအတိုင်း ထူးခြားသာလွန်စွာ တည်ရှိနေသည့် ဖြစ်စဉ်များနှင့် နေရာဒေသများ၊ ကမ္ဘာ့သမိုင်းကြောင်းအတွက် ထင်ရှားလှသည့် အဓိကကျသော လူသားဘဝဖြစ်စဉ်များ ဆိုင်ရာ အထောက်အထားများ တိုးတက်ဖြစ်ထွန်းလာခဲ့သော ပထဝီဆိုင်ရာ ထူးခြားသည့် လက္ခဏာများ၊ ထူးခြားထင်ရှားသည့် မြေမျက်နှာသွင်ပြင်ဆိုင်ရာလက္ခဏာများ၊ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခဲ့တဲ့ ကုန်းမြေများ၊ ရေမြေအသစ်များ၊ ကမ်းခြေများနဲ့ ရေကြောင်းဆိုင်ရာ ဂေဟစနစ်များ၊ သစ်ပင်များနဲ့ တိရစ္ဆာန်မျိုးစိတ်များ၏ ဂေဟစနစ်ဆိုင်ရာဇီဝဗေဒဆိုင်ရာ ထင်ရှားသည့် လက္ခဏာများ၊ သိပ္ပံဆိုင်ရာနဲ့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ရှုထောင့်မှ လူသားအားလုံး အသိအမှတ်ပြုနိုင်တဲ့ တန်ဖိုးရှိတဲ့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သော ဇီဝဆိုင်ရာ မျိုးသုဉ်းပျောက်ကွယ်ရန် ခြိမ်းခြောက်ခံနေရတဲ့ မျိုးစိတ်များ။ အထက်ပါ ဖော်ပြပါစံနှုန်း Criteria များနဲ့ ကိုက်ညီတဲ့ အဆိုပြုနေရာ(၈)နေရာဖြစ်တဲ့ ပျူရှေးမြို့တော်ဟောင်း (၃)ခု၊ ပုဂံ၊ ရခိုင်ပြည်နယ်ရှိ မြောက်ဦး၊ ပြဒါးလင်းဂူ၊ မင်းကွန်းဒေသ၊ အင်းဝ၊ ဟံသာဝတီနဲ့ ပျူ မိုင်းမော ပျူမြို့ဟောင်း တို့ကို မြန်မာနိုင်ငံအနေဖြင့် ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့က အဆိုပြု အမွေအနှစ်အဖြစ် တင်သွင်းခဲ့ပါတယ်။

ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် တင်သွင်းမည့် ဒေသအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းအဆင့်တွေက များပြားလှပါတယ်ခင်ဗျား။ ကြိုတင်ပြင်ဆင်ရေးသားခြင်း၊ ရေရှည်စီမံခန့်ခွဲမှု အစီအစဉ်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကွင်းဆင်း ဆောင်ရွက်ခြင်း၊ မြေပုံအမျိုးအစား (၆)မျိုးအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ၊ ပိုင်ဆိုင်မှုဆိုင်ရာ၊ မြေယာဆိုင်ရာ တင်သွင်းမည့် ဒေသဆိုင်ရာ အချက်အလက်များ ကောက်ယူပြုစုခြင်းများ ဆောင်ရွက်ရမည်ဖြစ်ရာ အနည်းဆုံး တစ်နှစ်ခွဲမှ သုံးနှစ်ခွဲအထိ စုစုပေါင်း အမွေအနှစ်တစ်ခုအတွက် အချိန်ကာလ (၄)နှစ် ပျမ်းမျှ ကြာမြင့်မှာ

ဖြစ်ပါတယ်။ ထို့အပြင် ကမ္ဘာ့ အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်မယ့် ရှေးဟောင်း အမွေ အနှစ်ဒေသမှာ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက် Outstanding Universal Value များ ရှိခြင်း၊ ဇုန်နယ် နိမိတ်သတ်မှတ်ထားခြင်း Disaster Management, Visitor Management များ ဆောင်ရွက်ထား ရှိခြင်း၊ ထိန်းသိမ်းကာကွယ်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသခံများ ပူးပေါင်းပါဝင် ကူညီဆောင် ရွက်ခြင်း စသည့်ဆောင်ရွက်မှုများ ဖြစ်ပါတယ်။

ဆောမြို့နယ်၊ လောင်းရှည်ဒေသအား UNESCO အသိအမှတ်ပြု ရှေးဟောင်း အမွေအနှစ်ဒေသအဖြစ် တင်ပြသတ်မှတ်ပေးသွားရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍ ဆောမြို့နယ်၊ လောင်းရှည်ဒေသရှိ ရှေးဟောင်းနေရာများအား ရေရှည်ကာကွယ်ထိန်းသိမ်းရေး စီမံခန့်ခွဲမှု လုပ်ငန်းများ၊ ကွင်းဆင်းသုတေသနလုပ်ငန်းများ၊ Inventory စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ မြေပုံအပါအဝင် Data များ ကောက်ယူပြုစုခြင်းလုပ်ငန်းများ၊ ဇုန်နယ်နိမိတ်သတ်မှတ်ထားရှိခြင်းလုပ်ငန်းများ စသည်ဖြင့် ကြိုတင်ပြင်ဆင်မှုများ မဆောင်ရွက်ရသေးပါ။ ထို့အပြင် လောင်းရှည်ဒေသနှင့် ပတ်သက်ပြီး ယခုတင်ပြထားသော သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများ၊ ခုနှစ်သက္ကရာဇ်များ မှန်/မှန်နဲ့ ကိုက်ညီ/ မညီ သုတေသနပြုလုပ်ရန် လိုအပ်ချက်ရှိပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ များပြားကျယ်ပြန့်လှပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာန တစ်ခုတည်း လုပ်ကိုင်နိုင်ခြင်းမရှိဘဲ ဆက်စပ်ဌာနများအပါအဝင် NGOများ၊ ဒေသခံများ၊ ကျွမ်းကျင် ပညာရှင်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၉၉၆ ခုနှစ်မှာ Tentative List အဖြစ် တင်သွင်းထားတဲ့ အဆိုပြု(၈)ခုအနက် တစ်ခုသာ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီး များစွာကျန်ရှိနေပါတယ်။ မိမိတို့နိုင်ငံသည် များပြားလှသော ယဉ်ကျေးမှုအမွေအနှစ်များအား မြို့နယ် အဆင့်၊ ခရိုင်အဆင့်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ နိုင်ငံတော် အမျိုးသားအဆင့် စသည်ဖြင့် ဆောင်ရွက်ရမည့် အဆင့်များ ကျော်ဖြတ်ပြီးမှ ကမ္ဘာ့အဆင့် ထိန်းသိမ်းရန် ကမ္ဘာ့အမွေအနှစ် ဆိုင်ရာ သတ်မှတ်စံချိန် စံနှုန်းများနဲ့ ကိုက်ညီခြင်း၊ ဥပဒေအရဆောင်ရွက်ခြင်း စသည့်တို့ကို ပြုလုပ်ရမှာ ဖြစ်၍ အချိန်၊ လူအင်အား၊ ပညာရပ်ဆိုင်ရာအင်အား၊ ငွေကြေးအင်အား၊ ဒေသခံအင်အား၊ ပညာရှင် အင်အား၊ ဝန်ထမ်းအင်အား၊ ပူးပေါင်းဆောင်ရွက်မှုအင်အား စသည်ဖြင့် များစွာလိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဆောမြို့နယ်၊ လောင်ရှည်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရှေးဟောင်းအမွေအနှစ် အဖြစ် သတ်မှတ်နိုင်ရန်အတွက် UNESCO သို့ တင်သွင်းရန် လောလောဆယ် အစီအစဉ်မရှိသေးပါ။

ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ လောင်းရှည်ဒေသဟာ ပုံတွေမှာ မြင်ရတဲ့အတိုင်းကို အင်မတန် စိတ်ဝင် စားဖို့ကောင်းတဲ့အတွက် ကိုယ်စားလှယ်တော်ကြီးကများ ကျွန်တော့်ကို ခေါ်သွားမယ် ဆိုရင် ပိုပြီးတော့ ကိုယ်တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကလည်း နဂိုကတည်းက လောင်းရှည်မြို့ကို စိတ်ဝင်စားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ နောက်ဆုံးဘုရင် သီပေါမင်းရဲ့ မိခင်ဟာ လောင်းရှည်မြို့စား မိဖုရားဖြစ်လို့ပါပဲ။ ဒါကြောင့် ဒီကနေ့လည်း တိုက်တိုက်ဆိုင်ဆိုင် ဒီကနေ့ဟာ ပါတော်မူနေ့ ဖြစ်ပါတယ်။ အသက် (၁၂၉)နှစ်မြောက်နေ့ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့မှာ ဒီကိစ္စဟာ လောင်းရှည်အကြောင်းကို ကိုယ်စားလှယ်တော်ကြီး ပြောသွားတာထက် ကမ္ဘာလှည့် ခရီးသွားနယ်မြေသစ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် တစ်ခုအဖြစ် ဖော်ထုတ်လာနိုင်ပါက မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ လောင်းရှည်ဒေသသို့ ပုဂံမှတစ်ဆင့် သွားရောက်လည်ပတ်နိုင်မှာဖြစ်ပြီး ချင်းပြည်နယ် တောင်ပိုင်း နတ်မတောင်ခရီးစဉ်နှင့်လည်း တွဲဖက်၍ ခရီးစဉ်ဒေသတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် အခု ဒုတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှုအမွေအနှစ်များမှာ အလွယ်တကူရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ရှိသကဲ့သို့ မရွှေ့ပြောင်းနိုင်သော အဆောက်အဦများ ထုထည်ကြီးမားသော ပစ္စည်းများလည်း ပါဝင်ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်ဦးစီးဌာနသည် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ရှေးဟောင်းသုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှေးဟောင်းအဆောက်အဦများ ထိန်းသိမ်းမွမ်းမံခြင်း၊ ယဉ်ကျေးမှု ပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များ၊ ဗုဒ္ဓပြတိုက်များ၊ ဒေသဆိုင်ရာ ပြတိုက်များကိုလည်း တည်ထောင်၍ ဖွင့်လှစ်ပြသခြင်း၊ ပညာပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရန် ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေးလက္ခဏာများကို မပျောက်ပျက်အောင် ထိန်းသိမ်းရန် ရည်ရွယ်၍ အများပြည်သူ လေ့လာရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန စတင်တည်ထောင်သည့် ၁၉၅၂ ခုနှစ်မှ စတင်၍ ယနေ့အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ အမျိုးသားပြတိုက်(၂)ခု၊ ယဉ်ကျေးမှုပြတိုက်(၁၄)ခု၊ ရှေးဟောင်း သုတေသနပြတိုက်(၁၀)ခု၊ ဗုဒ္ဓပြတိုက်(၃)ခုနဲ့ အထိမ်းအမှတ်ပြတိုက်(၂)ခုတို့ကို ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ စုဆောင်းထိန်းသိမ်းထားရှိ ဖွင့်လှစ်ပြသကာ ပြည်သူလူထုကို အသိပညာပေးခဲ့ ပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်ဦးစီးဌာနအနေနဲ့ စံတန်ဖိုး များနဲ့အညီ ဦးစားပေးအဆင့်များ ရွေးချယ်သတ်မှတ်၍ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်း နေရာ ဒေသစသည့် ယဉ်ကျေးမှုအမွေအနှစ်များကို အစဉ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိပါတယ်။ ဦးစားပေးအလိုက်၊ ခေတ်ကာလကြာရှည်မှုအလိုက်၊ ထိခိုက်ပျက်စီးမှုအလိုက် ရွေးချယ်၍ ဆောင်ရွက်ရ ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းရေးအသိ၊ ယဉ်ကျေးမှုအမွေအနှစ် တန်ဖိုးနားလည် မှုနဲ့ ဗဟုသုတရှိရန် အစဉ်သတိရှိရှိဖြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လူတိုင်းနားလည်သဘောပေါက်ပြီး ပါဝင်ဆောင်ရွက်မှသာ ထိရောက်ပါမယ်။ သို့မှသာ ယဉ်ကျေးမှုအမွေအနှစ်များ နောင်လာမည့် မျိုးဆက် များအထိ လက်ဆင့်ကမ်းပေးနိုင်မှာဖြစ်ပါတယ်။ ဘာသာရပ်နယ်ပယ်အလိုက် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများက ဖွင့်လှစ်ထားရှိတဲ့ တပ်မတော်စစ်သမိုင်းပြတိုက်၊ မူးယစ်ဆေးဝါးပြတိုက်၊ စိုက်ပျိုးရေး ပြတိုက်၊ သဘာဝသမိုင်းပြတိုက်၊ ကျောက်မျက်ရတနာပြတိုက် စသည်ဖြင့် ကဏ္ဍစုံလင်စွာ ဖွင့်လှစ်ပြသပြီး ဖြစ်သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း ပြည်နယ်(၇)ခုတွင် ယဉ်ကျေးမှုပြတိုက်များ ဖွင့်လှစ်ပေး ထားပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွက်လည်း ဟားခါးမြို့မှာ ယဉ်ကျေးမှုပြတိုက်(ဟားခါး)ကို

ဖွင့်လှစ်ပြီး ဒေသယဉ်ကျေးမှုများကို ခင်းကျင်းပြသထားပြီးဖြစ်ပါ၍ ထပ်မံ၍ပြတိုက်ဆောက်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်ရှိ ရှေးဟောင်းအဆောက်အအုံများ လေ့လာသုတေသနပြုခြင်းနဲ့ မွမ်းမံခြင်းလုပ်ငန်းခေါင်းစဉ်နဲ့ ကျပ်သိန်း(၁၀၀)တိတိကို ချင်းပြည်နယ် အစိုးရ အဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ (၁) ဟားခါးမြို့နယ်၊ ဆူရ်ခွားရွာရှိ ဦးဗန်ကီးယို၏ ရှေးဟောင်းသမိုင်းဝင် ပန်းပု လက်ရာများရှိသော နေအိမ်အား ခြံစည်းရိုးကာရံ၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (၂) ဖလမ်းမြို့နယ်၊ တာရွှန်းရွာ ဦးကြွန်ဘိခ် ၏ နေအိမ်ရှိ မော်ကွန်းကမ္ပည်းကျောက်စာအား ခြံစည်းရိုးကာရံ၍ ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ (၃) ဖလမ်းမြို့နယ်၊ တွန်းဇံမြို့မှ ဦးဟောက်ကျင့်ခုပ် ၏ မော်ကွန်းကမ္ပည်း ကျောက်စာ အား ခြံစည်းရိုးကာရံ၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အဲဒီနံပါတ်(၃)က ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတာဖြစ်ပါလိမ့်မယ်။ (၄) ဟားခါးမြို့နယ်၊ ချွန်တုံးရွာရှိ ကျောက်စာအား ခြံစည်းရိုး ကာရံ၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း တို့ပဲဖြစ်ပါတယ်။

ထိုသို့ ရန်ပုံငွေလွှဲပြောင်းပေးပြီး လုပ်ငန်းဆောင်ရွက်ခြင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား(၂)ပါ ပြဋ္ဌာန်းချက်ကြောင့် နောင်အနာဂတ် တွင် ပြည်နယ်အစိုးရက ဥပဒေပြု၍ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများလွယ်ကူစေရန်နှင့် အတွေ့ အကြုံရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အနေဖြင့် ဝန်ထမ်းအင်အား၊ ခွဲဝေရရှိသောရန်ပုံငွေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများကို မိမိတို့ဌာနတစ်ခုတည်း သာမက ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဂေါပကအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများကပါ မိမိတို့၏ယဉ်ကျေးမှု အမွေအနှစ်များကို ပူးပေါင်း ပါဝင် ထိန်းသိမ်းသွားရမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၏ သမိုင်းဝင် မဟာဆဒ္ဒန်ဂူသို့ သွားသောလမ်းအား နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်ရန်အတွက် ကတ္တရာလမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန်နှင့် လျှပ်စစ်မီး သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့ က ကရင်ပြည်နယ်၏ သမိုင်းဝင် မဟာဆဒ္ဒန်ဂူသို့ သွားသောလမ်းအား နွေ၊ မိုး၊ဆောင်း ရာသီမရွေး သွားလာနိုင်ရန်အတွက် ကတ္တရာလမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန်နှင့် လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အထူးရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ ကိုယ်စားလှယ်တော် လူကြီးမင်းများအားလုံး ကျန်းမာရွှင်လန်းကြပါစေခင်ဗျား။ ကျွန်တော် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့ အနေနဲ့ ကရင်ပြည်နယ်ရဲ့ သမိုင်းဝင် မဟာဆဒ္ဒန်ဂူသို့ သွားသောလမ်းကို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်ရန် အတွက် ကတ္တရာလမ်း ဒါမှမဟုတ် ကျောက်ချောလမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန်နဲ့ လျှပ်စစ်မီး သွယ်တန်းပေးရန် အစီအစဉ်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားပါမယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်ရဲ့ ပြယုဂ်တစ်ခုဖြစ်တဲ့ မဟာဆဒ္ဒန်ဂူ ဘုရားဟာ ဆိုရင် ဘားအံမြို့နယ်အတွင်းရှိ ဘားအံမြို့နယ်ရဲ့ အရှေ့တောင်ဘက်အခြမ်း ကော့မှူးတာ ကျေးရွာ အုပ်စုမှာ တည်ရှိပြီးတော့ ထင်ရှားကျော်ကြားပြီး ကရင်ပြည်နယ်နဲ့ မြန်မာနိုင်ငံသာမက ကမ္ဘာ့အချို့ နိုင်ငံများ ကပင် လူသိများတဲ့ အထင်ကရ ဂူတစ်ဂူဖြစ်တာနဲ့အညီ လာရောက်ဖူးမျှော် ကြည်ညိုလေ့လာသူများ၊ နိုင်ငံခြား ဧည့်သည်များအပါအဝင် နေ့စဉ်နဲ့အမျှ များပြားလျက်ရှိပါတယ်။ ဘုရားဖူးလည်ပတ် လေ့လာလိုတဲ့ ဧည့်သည်များအနေနဲ့ မဟာဆဒ္ဒန်ဂူ ဘုရားသို့ သွားရန်အတွက် လမ်း (၄)သွယ်ဖြစ်တဲ့ အိန္ဒူ-ဇာသပြင်လမ်း၊ ရွှေပြည်သာ-အပွါယ်ပိတ်ဘုရားမှ လျှပ်စစ်သွယ်တန်းမှု မရှိသေးတဲ့ ကော့သိန်းခီ-

ကော့ကိုက် ဂူမုခ်ဝ လမ်းတစ်လမ်းနဲ့ ဘားအံ- အိန္ဒူ လမ်းမှ လျှပ်စစ်မီး သွယ်တန်းမှု မရှိသေးတဲ့ ကော့စိန်ဘန် အထက် ကော့သိန်းခီ-ကော့ကိုက် ဂူမုခ်ဝသို့ လည်းကောင်း၊ ဇာသပြင် -ဘားအံ - အဖြောင့် လမ်း မှ ကော့မှူးတာ-နောင်သုံ-ဖြတ်လိုင်း- ကော့ဝါးဆူး-ကော့ကိုက် ဂူမုခ်ဝသို့ လျှပ်စစ်မီး မရှိ သေးတဲ့ လမ်းနဲ့ ဘားအံ-ဒုံရင်းလမ်း၊ ကော့ထမ့်လိန်းမှ ကော့မှူးတာ-ကော့ဝါးဆူ ဂူမုခ်ဝ သို့လည်းကောင်း သွားလာသော်လည်း အများဆုံးအနေနဲ့ အိန္ဒူ-ဇာသပြင်လမ်း အပ္ပါယ်ပိတ်ဘုရားကနေ ကော့သိန်းခီ-ကော့ကိုက် ဂူမုခ်ဝသို့ တစ်လမ်းနဲ့ ဘားအံ-အိန္ဒူလမ်း၊ ကော့စိန်ဘန် အထက်မှ ကော့သိန်းခီ-ကော့ကိုက် ဂူမုခ်ဝသို့ သွားလာမှုအများဆုံးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုများ လူသွားလာမှု အများဆုံးဖြစ်တဲ့လမ်းများကို ဆဒ္ဒန်ဂူရဲ့ ပတ်ဝန်းကျင် ကျေးရွာအုပ်စုများဖြစ်တဲ့ ကော့ထမ့်လိန်းမှ လျှပ်စစ်မီးလုံးဝမရှိသေးတဲ့ ကော့မှူးတာ၊ ကော့စိန်ဘန် အထက် ကော့စိန်ဘန်အောက်နဲ့ အိန္ဒူ ကျေးရွာအုပ်စု (၅)အုပ်စုရှိ ကျေးရွာပေါင်း (၃၅) ရွာမှ ကျေးရွာသူ/ရွာသား (၁၅၀၀၀)ကျော်နဲ့ ကျောင်းသား/ကျောင်းသူများလည်း နေ့စဉ်နဲ့ အမြဲ သွားလာအသုံးပြုနေရသော လမ်းဖြစ်သော်လည်း လမ်းမှာကျဉ်းပြီးမကောင်းသလို မိုးတွင်းအခါ ဆိုးဝါးစွာ လမ်းပျက်စီးခြင်းကြောင့် ဘုရားဖူးဧည့်သည်များသာမက ကျေးရွာသူ/ကျေးရွာသားများပါ သွားလာ မှု လွန်စွာခက်ခဲ ကြုံတွေ့နေရပါတယ်ခင်ဗျား။ ဆဒ္ဒန်ဂူဘုရားသို့ လာရောက်ဖူးမျှော် ကြည်ညို လည်ပတ်လေ့လာသူများတဲ့အနေနဲ့ နွေ၊ မိုး၊ ဆောင်း နေ့စဉ်မပြတ် ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေလျင် က အစ သွားရတဲ့ အဝင်လမ်းအခြေအနေဟာ ပျက်စီးပြီးတော့ ခနော်ခနဲ့ ချိုင့်ခွက်အပြင် နွေ၊ ဆောင်း မှာဆို ဖုန်တထောင်းထောင်း အဝင်လမ်းများကလည်းကျဉ်းမြောင်း၊ ကားနှစ်စီးရှောင် မလွတ်လို့ အချိန် နှောင်းသည်သာမက မိုးအခါကျတော့ ဗွက်ထ၊ စက်ဘီး၊ ဆိုင်ကယ်ပင် သွားမရ၊ ကျေးရွာ ပတ်ဝန်းကျင် ကျောင်းသား၊ ပြည်သူများရဲ့ ဒုက္ခတွေကြောင့် လျှပ်စစ်မီးမရှိသေးတဲ့ ဆဒ္ဒန်ဂူရဲ့ ပသာဒပြယုဂ် မလှသလောက် ဘုရားဖူးဧည့်သည်များ စိတ်ကသိကအောက်ဖြင့် အဝေးကနေလာရောက်ပြီး နောက်ကြောင်း ပြန်လှည့် ခေါက်ရသည်များလည်း ဖြစ်နေပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို လိုအပ်ချက်အခက်အခဲကိစ္စရပ်နဲ့ အခြားကိစ္စရပ်တစ်ခုကို ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရဲ့ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၆ရက်နေ့ ဘားအံမြို့ဒေသခံပြည်သူများနဲ့ တွေ့ဆုံတဲ့ ခရီးစဉ်မှာ ဒေသခံများရဲ့ ဆန္ဒအရ ကျွန်တော်မှ ကိုယ်စား တင်ပြဆွေးနွေးတောင်းဆိုခဲ့တဲ့အတွက် နာယကကြီးမှ လမ်းညွှန်ချက်အရ အခြားကိစ္စရပ် တစ်ခုဖြစ်သော ဒုံရင်းကျေးရွာမှ ရေတံခွန်သို့ဝင်ရောက်တဲ့ လမ်းကို နတလမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် (၂၈.၅) သန်းနဲ့ ကတ္တရာလမ်း (၃) ဖာလုံကို ခင်းမည်ဟု သိရပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ အခုတော့ အဲဒီရေတံခွန်လမ်းကို ကျောက်ကြီးတွေတော့ ချထားပြီးပါပြီ။ အဓိက ကျန် အခက်အခဲကိစ္စရပ်တစ်ခုဖြစ်တဲ့ ယခုတင်ပြပါ သမိုင်းဝင် ဆဒ္ဒန်ဂူသို့ ဝင်ရောက်တဲ့လမ်း တစ်လျှောက် လျှပ်စစ်မီးလုံးဝမရှိသေးသော ကော့သိန်းခီ-ကော့ကိုက် ဂူမုခ်ဝ လိုဏ်ဂူစောင်းတန်းအထိ ပေ (၄၈၃၀) ရှိပြီးတော့ ကရင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ မုခ်ဝအထိ မြေသားလမ်း (၂၄) ပေ ချဲ့ပြီး ဖြစ်ပါတယ်။

မိုးတွင်းအခါမှာတော့ ရေလွှမ်းတဲ့အတွက်ကြောင့် ပူးတွဲတင်ပြမယ့် ပုံအတိုင်းပျက်စီးပြီးတော့ သွားလာမှု ခက်ခဲနေသော မြေသားလမ်း (၄၈၃၀) ပေကို လိုအပ်သောအမြင့်ပေရရှိရန် မြေသား

တင်ခြင်းနဲ့ (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် အထူးလိုအပ်တဲ့အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်ရဲ့ ၂၀၁၄ ခုနှစ် မေလ ၂၈ ရက် ရက်စွဲပါ စာအမှတ် ၄၇၇/ လမ်းတံတား-၃/ကျေးလက် (၅) အရ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး၏ ၂၀၁၄ ခုနှစ် ဇွန်လ ၁၂ ရက် ရက်စွဲပါ စာအမှတ် ၂၀၀/၆-၁၇-/ဦး ၆ ဖြင့်သော်လည်းကောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၄ ရက် ရက်စွဲပါ စာအမှတ် ၄၈၅/ လမ်းတံတား ၁/ ကျေးလက်(ကရ) ဖြင့် သော်လည်းကောင်း၊ မွေးမြူရေးရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ခန့်မှန်းကုန်ကျငွေ၊ လမ်းကြောင်းပြမြေပုံ မှတ်တမ်းဓာတ်ပုံများနဲ့အတူ တင်ပြပေးပို့ဆောင်ရွက်ထားပြီးကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်ုပ်ကို slide နဲ့ အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကရင်ပြည်နယ် သမိုင်းဝင် မဟာဆဒ္ဒန်ဂူဘုရားပဲ ဖြစ်ပါတယ်။ ဒါက ဆဒ္ဒန်ဂူကို မရောက်ခင် ကျွန်တော်ပြောတဲ့ လမ်း (၄) သွယ်ကနေ လာပြီးတော့ ကော့သိန်းခီ မှာလာဆုံတဲ့ ပထမ အိန္ဒူ- ဇာသပြင် လမ်းပါ။ ဒုတိယကတော့ ကော့မှုုးတာမှာဆုံပြီးတော့ အဲဒီ (၂) လမ်းကနေ ဆဒ္ဒန်ဂူကိုသွားမယ့် မုခ်ဦးမှာဆုံတဲ့လမ်းဖြစ်ပါတယ်။ ဒါ ကျေးရွာပြည်သူလူထုတွေရဲ့ ကိုယ်ထူကိုယ်ထနဲ့ မြေဖို့တင်ထားခြင်း ဖြစ်ပါတယ် ခင်ဗျား။ ဒါကတော့ မုခ်ဝကနေပြီးတော့ ဆဒ္ဒန်ဂူကို သွားမယ့် မြေသားလမ်းဖြစ်နေပါတယ်။ အဲဒါ ကျွန်တော်တို့ ခုနလမ်းကိုသွားပြီးတော့ ဂူဝအရှေ့နား ရောက်တဲ့အခါကျတော့ ဂူဝအဝင် မြေဖို့ထားတဲ့လမ်းဟာ ကျေးရွာပြည်သူလူထုတွေ လုပ်အားနဲ့ မြေဖို့ထားတဲ့ လမ်းဖြစ်ပါတယ်။ အဲဒီလမ်းရဲ့ ဒီဘက်မှာဆိုရင် ရင်ပြင်အခြေအနေ ဖြစ်ပါတယ်။

ဂူဝအရှေ့ ရင်ပြင်အခြေအနေဟာ မိုးတွင်းရေကျသွားတော့ အဲဒီလို အခြေအနေတွေ ဖြစ်နေပါတယ်။ ဒါ ခုနက ကျွန်တော်ပြောတဲ့ လမ်း (၄) သွယ်ကနေလာတဲ့ လမ်း (၂)လမ်း၊ မိုးတွင်း ရေလွှမ်း ပျက်စီးနေတဲ့ ဆဒ္ဒန်ဂူသို့သွားတဲ့ လမ်းပဲ ဖြစ်ပါတယ်။ အဲဒီလမ်းအခြေအနေဟာ မိုးတွင်းပြီးလို့ ရေ ပြန်ကျသွားတာတောင်လမ်းရဲ့ သွားလာရတဲ့ ခက်ခဲတဲ့ အနေအထားကို တင်ပြထားခြင်းဖြစ်ပါတယ်။ အဲဒီလိုရေကျပြီးတော့ သွားလာရခက်ခဲတဲ့ကျောင်းသားတွေ ၊ ဘုရားဖူးဧည့်သည်တွေ၊ ကျေးရွာလူထုတွေ သွားလာရခက်ခဲတဲ့အတွက် ကျေးရွာလူထုတွေရဲ့ အလှူရှင်တွေနဲ့ လုပ်အားပေး အနည်းငယ် နည်းနည်း သွားလာရလွယ်ကူအောင် ကျောင်းသားတွေ တက်လွယ်အောင်ဆိုပြီးတော့ ဝိုင်းဝန်းဆောင်ရွက် မြေခင်းနေခြင်း ဖြစ်ပါတယ်။ ပြင်ဆင်နေခြင်း ဖြစ်ပါတယ်။

အဲဒါလည်းကျေးရွာခံဒေသမှာ ခက်ခဲတဲ့အတွက်ကြောင့် ကိုယ်ထူကိုယ်ထ စုပေါင်းလမ်း ပြင်ဆင်နေတဲ့ပုံ ဖြစ်ပါတယ်။ ဟုတ်ကဲ့ ဒါလည်း လမ်းရဲ့ အခြေအနေ လမ်းဆုံကိုရောက်ခါနီး ခုနကမုခ်ဝကို သွားခါနီး အခြေအနေဟာ နှစ်လမ်းကနေလာတဲ့ လမ်းအခြေအနေကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒါ ခုနက ဆဒ္ဒန်ဂူပေါ်ကို တက်မယ့် ဆဒ္ဒန်ဂူရဲ့ အဝင် အပေါ်ကိုတက်မယ့် မုခ်ဦးဝ ဖြစ်ပါတယ်။ အဲဒီ မုခ်ဝကို တက်သွားပြီးတော့ အဲဒီ ဆဒ္ဒန်ဂူကို စပြီးဝင်မယ့် ဂူအဝင်အစဖြစ်ပါတယ်။ အဲဒါ ခုန အဝင် အစဂူ ကနေပြီးတော့ ဂူထဲကို ဟိုဘက်အပေါက် ပေါက်သွားအောင် သွားဖို့ ဂူထဲဝင်ဖို့ အတွက် အထဲမှာ ဆဒ္ဒန်ဂူ ဆရာတော်ဘုရားကိုယ်တိုင်ပြတဲ့ အထဲမှာ မှောင်မိုက်နေတဲ့နေရာ၊ ဂူစဝင်တဲ့ ဂူထဲဝင်မယ့် နေရာကို ပြထားခြင်းဖြစ်ပါတယ်။ အဲဒီ မှောင်မိုက်နေတဲ့ ဂူတွေကို ဘုရားဖူး ဧည့်သည်

တွေလာရင် အဲဒီ အလှူဒါနလေးနဲ့ ဆီဖိုးလေးတွေပေးပြီးတော့ အဲဒီဂူထဲကို မီးခဏထွန်းပေးတဲ့ အင်ဂျင်စက် အသုံးပြုတဲ့ အင်ဂျင်စက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့်မို့ ကျွန်တော်တင်ပြပါ အမှန်တကယ် အမြန်ဆုံးဆောင်ရွက်ဖို့ လိုအပ်တဲ့ သမိုင်းဝင် မဟာဆဒ္ဒန်ဂူ အဝင်လမ်းပြုပြင်ပေးဖို့အတွက်နဲ့ ကျေးရွာတစ်လျှောက် ဂူဝတွင်းထိ လျှပ်စစ်မီးသွယ်တန်း ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီး ကရင်ပြည်နယ် ခရီးစဉ်အတွင်း ပြည်သူလူထုများ၏ ဆန္ဒလိုလားချက်များအရ တင်ပြချက်များအပေါ် နာယကကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားခြင်းနှင့် မည်သည့်အချိန်တွင် အမြန်ဆုံးစတင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

ကရင်ပြည်နယ်၏ သမိုင်းဝင် မဟာဆဒ္ဒန်ဂူဘုရား ပုံ (စစ)



ဘုရားဖူးနှင့် ကျေးရွာလူထု အများသွားလာရန် ခက်ခဲ၊ ပျက်စီးနေသောလမ်း ပုံ (စစ)




ဧည့်သည်ဘုရားဖူးအလှူရှင်များ၏ ဒါနဖြင့် မီးထွန်းဆောင်ရွက်ပေးနေသည့် အင်ဂျင်စက် ပုံ (စစ)



**တိုက်ကြီးမြို့နယ်၊ ဖိုးခေါင်ကျေးရွာအုပ်စု၊ ရွာသာကျေးရွာ (ဥတို-အဖျောက်ကားလမ်း)မှ ကံကလေးအေကျေးရွာအုပ်စု၊ စာဖြူစုကျေးရွာအထိ မြေသားလမ်းအား ကွန်ကရစ်ဘီးလမ်းခင်းပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ လေးပွတ် ချောင်းကူး တံတားအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က တိုက်ကြီးမြို့နယ်၊ ဖိုးခေါင်ကျေးရွာအုပ်စု၊ ရွာသာကျေးရွာ (ဥတို-အဖျောက်ကားလမ်း)မှ ကံကလေးအေကျေးရွာအုပ်စု၊ စာဖြူစုကျေးရွာအထိ မြေသားလမ်းအား ကွန်ကရစ်ဘီးလမ်းခင်းပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ လေးပွတ်ချောင်းကူး တံတားအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်ကြီးမြို့နယ်၊ ဖိုးခေါင်ကျေးရွာအုပ်စု၊ ရွာသာကျေးရွာမှ ကံကလေးအေကျေးရွာအုပ်စု၊ စာဖြူစုကျေးရွာအထိ မြေသားလမ်းအား ကွန်ကရစ်ဘီးလမ်းခင်းပေးရန်နဲ့ ၎င်းလမ်းပေါ်ရှိ လေးပွတ် ချောင်းကူးတံတားအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် တိုက်ကြီးမြို့နယ်သို့ ကွင်းဆင်းရောက်ရှိခဲ့စဉ်က လှိုင်မြစ် အနောက်ဘက်ခြမ်း အိုင်ကလောင်ကျွန်းပေါ်ရှိ ကျေးရွာအုပ်စုများမှ ယခင်က လှိုင်မြစ်၏ ရေလမ်းကိုသာ အဓိက ထားပြီး သွားလာသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု အနည်းငယ်ရှိခဲ့ပါတယ်။ ယခုအခါမှာ ရာသီမရွေး သွားလာမှု လွယ်ကူလျင်မြန်စေရန် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းများ ဖောက်လုပ်ပြီး သွားလာနေကြရပါတယ်။ လှိုင်မြစ်အနောက်ဘက်ကမ်း ဖိုးခေါင်ကျေးရွာအုပ်စု၊ ရွာသာကျေးရွာ၊ ဥတို-အဖျောက်ကားလမ်းမ၊ ကံကလေးအေကျေးရွာအုပ်စု၊ စာဖြူစုကျေးရွာအထိ မြေသားလမ်းမှာ ပေပေါင်း (၃၁၅၀၀)ပေရှိပါတယ်။ နွေအခါ သွားလာမှု လွယ်ကူသော်လည်းပဲ မိုးတွင်းအခါ သွားလာမှု ခက်ခဲလျက်ရှိပါတယ်။

အဆိုပါ မြေသားလမ်းမကြီးဟာ ရွာသာကျေးရွာမှ ကံကလေးအေကျေးရွာ အုပ်စုအထိ ရွာသာ၊ နန်းတော်ကုန်း၊ ဖိုးခေါင်၊ အိုင်ကလောင်၊ ကံကလေးအေ၊ ကန်ကြီးကုန်း၊ ကွမ်းခြံကုန်း၊ ဒင်းမဲကုန်း၊ ကျောက်ဖျာကုန်း၊ လဟာတကော၊ ဆင်အိုင်၊ စာဖြူစု စတဲ့ ကျေးရွာ (၁၂) ရွာကို ဖြတ်သွားသော လမ်းမဖြစ်ပြီး အိမ်ခြေပေါင်း (၁၃၆၆) အိမ်မှ လူဦးရေပေါင်း (၅၃၄၁) ဦး နေ့စဉ် အသုံးပြုနေသော လမ်းမကြီး ဖြစ်သည့်အပြင် ဘေးပတ်ဝန်းကျင် ရွာများဖြစ်သော လှိုင်ကျေးရွာအုပ်စု၊

တော်ခရမ်း ကျေးရွာအုပ်စု၊ ခုနှစ်ကျိုက်အရှေ့ ကျေးရွာအုပ်စု၊ ခုနှစ်ကျိုက် အနောက်ကျေးရွာအုပ်စု၊ ဘိန္နောကျေးရွာအုပ်စုအတွင်း ကျေးရွာခွဲ (၂၄)ရွာမှ ကျောင်းသား/ကျောင်းသူများနှင့် ပြည်သူများသည် ရွာသာ အထကနဲ့ အိုင်ကလောင် တိုက်နယ်ဆေးရုံသို့ သွားသည့်အခါ ၎င်းလမ်းမကြီးကိုသာ အားထား အသုံးပြု နေကြရတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဖိုးခေါင်ကျေးရွာအုပ်စု၊ ရွာသာကျေးရွာ မှ ကံကလေးအေ ကျေးရွာအုပ်စု၊ စာဖြူစု ကျေးရွာအထိ မြေသားလမ်း ပေပေါင်း (၃၁၅၀၀)ပေအား ကွန်ကရစ် ဘီးလမ်းခင်း ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ အဲဒီလမ်းပေါ်မှာ ရှိတဲ့ (၄)ပေချောင်းကူးတံတားဟာ အရှည် (၁၂၀)ပေ ရှိပြီးတော့ အကျယ် (၁၂)ပေရှိပါတယ်။ အဲဒီတံတားကိုလည်း သစ်သားတံတားဖြစ်တဲ့အတွက် အဲဒါကို အသစ် ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်၍ သိရှိလိုပါတယ်။ အစီအစဉ် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလို၍ ဒေသခံပြည်သူများရဲ့ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၅၈။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက် ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့ ၏ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ စတင်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ ဘားအံမြို့နယ် မဟာဆဒ္ဒန်ဂူဘုရားကို ဝင်ရောက်တဲ့လမ်းဟာ အပ္ပါယ်ပိတ် ဘုရားကနေ ကော့သိန်းခီအထိ ဂျင်းကျောက်ခင်းလမ်း (၂) မိုင် (၅) ဖာလုံနဲ့ ကော့သိန်းခီ-ကော့ကိုက် ဂူမုခ်ဝအထိ မြေသားလမ်း (၇)ဖာလုံ စုစုပေါင်း (၃) မိုင်နဲ့ (၄)ဖာလုံ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကျေးရွာပေါင်း (၂၆)ရွာ၊ ပြည်သူပေါင်း (၁၆၀၀၀)တို့ အကျိုးပြုပါတယ်။ ဒါနဲ့ပတ်သက်လို့ အဆိုပါ လမ်းကို ကျောက်ခင်းလို့ရှိရင် ခန့်မှန်းအားဖြင့် ကုန်ကျငွေနဲ့ မြေသားတာဘောင် (၇) ဖာလုံတင်လို့ ရှိရင် စုစုပေါင်း ကုန်ကျငွေ (၂၇၆.၁၄)သန်းလောက် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ စောစောက တင်ပြသွားတဲ့ ကျွန်တော်တို့ (၇) ဖာလုံပေါ့။ အဲဒီတံတားနဲ့ ကတ္တရာလမ်း ခင်းမယ်ဆိုလို့ရှိရင် ကျပ် သန်း (၁၄၀) ခန့်ကုန်ကျမှာဖြစ်ပါတယ်။

ကရင်ပြည်နယ်အနေနဲ့ ၂၀၁၄-၂၀၁၅ မှာ (၆.၁၅၉)သန်း လမ်းတံတားများအတွက် ဘီလီယံ ခွင့်ပြုထားပါတယ်ခင်ဗျား။ ဘားအံမြို့နယ် အနေနဲ့ဆိုရင်တော့ (၁.၉၇) ဘီလီယံ၊ ယခုနှစ် ၂၀၁၄-

၂၀၁၅ မှာ လမ်းတံတားအတွက် ခွင့်ပြုထားတာ ရှိပါတယ်။ တင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီ အပွါယ်ပိတ်ဘုရားကနေ မုခ်ဝ အထိ (၃)မိုင်နဲ့ (၄)ဖာလုံ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ၂၀၁၄-၂၀၁၅ မှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဒီလမ်းနဲ့ပတ်သက်ပြီးတော့ ခွင့်ပြုထားတာ မရှိပါဘူး ခင်ဗျား။ သို့သော်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနကနေပြီးတော့မှ အိန္ဒူ- ဇာသပြင်လမ်း (၂) မိုင်၊ နောက်တစ်ခါ ကရင်ပြည်နယ်ရဲ့ အစီအစဉ်နဲ့ ကော့သိန်းခီ-ကော့ကိုက် မုခ်ဝ အထိ ပေ (၄၈၃၀) (၂၄) ပေ အကျယ် မြေသားချဲ့ခြင်း၊ ဒါတွေ ဆောင်ရွက်ထားတာကို တွေ့ရပါတယ်။ အဲဒါကို ကျွန်တော်တို့ အနေနဲ့ ဆက်လက်ပြီးတော့ လာမယ့်နှစ်၊ ယခုနှစ်မှာတော့ ကျွန်တော်တို့ ဆောင်ရွက်ထားခြင်း မရှိပါဘူး။ လာမယ့်နှစ်မှာတော့ ခုနတော့ ခရီးစဉ်မှာလည်း လွှတ်တော်နာယကကြီးရဲ့ ခရီးစဉ်လည်း ပါတာဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ မှာ ကနေ့မှ ကနေ့ဆိုတော့ နိုဝင်ဘာ ၁၀ ရက်နေ့အရောက် လာမည့်နှစ်ဘတ်ဂျက်တွေ ဆွဲပြီးတော့ တင်တဲ့ အထဲမှာ ဦးစားပေးအစဉ် အလိုက် လျာထားဖို့နဲ့ ကရင်ပြည်နယ်အစိုးရအနေနဲ့ကလည်း ဒါကို ကျွန်တော်တို့ တင်ပြဖို့ အစီအစဉ် ရှိပါတယ်။ အဲဒါလေးကိုတော့ ဒီလမ်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဒီလောက်နဲ့ တင်ပြလိုပါတယ်။

နောက် မီးလင်းရေးနဲ့ပတ်သက်ပြီးတော့ တင်ပြရလို့ရှိရင် ကရင်ပြည်နယ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း (၅၉) ရွာကို ဆိုလာမီးစနစ်နဲ့ လျာထားပြီးတော့ ကျပ်သန်းပေါင်း (၉၈၃) သန်း လျာထားပါတယ်။ ၂၀၁၄-၂၀၁၅ မှာ ဘားအံမြို့နယ်အတွင်းမှာ ကျေးရွာပေါင်း (၁၂)ရွာ ရွှေခြံကလေး၊ ဆင်ကျုံး၊ တောကြီးကုန်း၊ ခြံကလေး၊ ကျုံဖရဲ၊ ကော့ပတိုင်၊ ငနက်ပြာ၊ မုတ္တဒိ၊ ဖားနွဲ့၊ ကျွန်း၊ ကမ်းကြီး၊ ငတ်ကြီး၊ ရေပေါ်သောင်မှာ ကျွန်တော်တို့ အိမ်ခြေပေါင်း (၁၉၀)အတွက် ခွင့်ပြုငွေ (၃၈၀.၀)သန်းခွင့်ပြုထားတာဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာနမှာ လျှပ်စစ်မီးသွယ်တန်းရေး အစီအစဉ်မှာ မပါသော်လည်းပဲ ယခုနှစ် ၂၀၁၄-၂၀၁၅ မှာ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနတွေကို ကျေးရွာပေါင်း(၂၆)ရွာ ဓာတ်အားလိုင်းရရှိရေးအတွက် တည်ဆောက်မည့် 11KV လိုင်း (၂၄.၇၆) မိုင် ပါရှိပါတယ်။

အဲဒီထဲမှာ ကျွန်တော်တို့ ဓာတ်အားခွဲရုံတွေရယ်၊ ထရန်စဖော်မာတွေရယ် ကျွန်တော်တို့ အားလုံး အလုံး(၂၀) ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဆိုပါ တည်ဆောက်ရေး လုပ်ငန်းထဲမှာ ခုန ကျွန်တော် တင်ပြသွားတဲ့ မဟာဆဒ္ဒန်ဂူ သွားတဲ့ လမ်းတစ်လျှောက်မှာ ကျွန်တော်တို့ ကျေးရွာများနဲ့ ဆဒ္ဒန်ဂူ လျှပ်စစ်မီးရရှိရေးအတွက် အိန္ဒူ-ကော့စိန်ဘန်အထက်၊ လာလမလိန်း-ကော့ကိုက်-ဆဒ္ဒန်ဂူတစ်လျှောက် 11KV လိုင်း (၄)မိုင် တည်ဆောက်မှာ ဖြစ်ပါတယ်။ ယခုနှစ်ဖြစ်မှာပါတယ်ခင်ဗျား။ အဲဒီတော့ အဲဒါ ဆောက်ပြီးတဲ့အခါ မှာ ကျွန်တော်တို့ ဒါ ဆဒ္ဒန်ဂူအနေနဲ့ မီးရရှိမှာ ဖြစ်ပါတယ်။ သို့သော်လည်း ဒီမှာ ယခုအခါမှာတော့ တင်ဒါခေါ်ယူထားတာ ဖြစ်တဲ့အတွက်ကြောင့် ဆက်လက်ပြီးတော့ ယခုနှစ် ဆောက်ရွက်နေတာဖြစ်ပါ တယ်။ နည်းနည်း process ဖြစ်နေပါတယ်ခင်ဗျား။ လမ်းနဲ့ပတ်သက်လို့တော့ ကျွန်တော် ခုနတင်ပြသလိုပဲ မဟာဆဒ္ဒန်ဂူ သို့ သွားတဲ့လမ်း ခွေ၊ မိုး၊ ဆောင်းရာသီ မရွေး သွားနိုင်ဖို့ အတွက်ကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့တော့ ၂၀၁၄-၂၀၁၅ ယခုနှစ်တော့ မပါပေမယ့်လည်း လာမယ့်နှစ်မှာ ခုန လူကြီးများရဲ့ ခရီးစဉ်များလည်း ပါ ပါတယ်။ ကျွန်တော်တို့ သက်ဆိုင်ရာ ကရင်ပြည်နယ်အစိုးရကလည်း ဦးစားပေးထဲမှာ တင်မယ်လို့ တရားဝင်စာ ပို့ထားတာရှိပါတယ်။

ကျွန်တော်တို့လည်း ဒါလျာထားပြီးတော့ ဦးစားပေးအနေနဲ့ ဆောင်ရွက်ဖို့ရှိထားကြောင်း ပထမအနေနဲ့ ဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းအနေနဲ့တော့ ကျွန်တော်တို့ တင်ပြရလို့ရှိရင် လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖိုးခေါင်ကျေးရွာအုပ်စု၊ ရွာသာကျေးရွာ (ဥတို-အဖျောက် ကားလမ်း)မှနေပြီးတော့ ကံကလေး အေကျေးရွာအုပ်စုထဲမှာပါတဲ့ စာဖြူစုကျေးရွာအထိ မြေသားလမ်းက (၅)မိုင်နဲ့ (၇)ဖာလုံလောက် ရှိပါတယ်။ အဆိုပါလမ်းဟာ ကွန်ကရစ်ဘီးလမ်း ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ စုစုပေါင်း (၇၄၆.၀)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ၂၀၁၄-၂၀၁၅ မှာ ဒီလမ်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဒီဘဏ္ဍာရေးလျာထားချက်ထဲမှာ ကျွန်တော်တို့ ပါဝင်မှု မရှိပါဘူး။ ကျွန်တော်ခုနက တင်ပြသလိုပဲ ၂၀၁၄-၂၀၁၅ မှာ မပါဝင်သော်လည်းပဲ လာမယ့် ၂၀၁၅-၂၀၁၆ မှာ ဒီလမ်းနဲ့ ပတ်သက်လို့ မနေ့က ကျွန်တော်တို့ ရန်ကုန် ရောက်ပါတယ်။ ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့ဟာ ကျွန်တော်လည်း ကွင်းဆင်းပြီးတော့ တိုက်ကြီးမြို့နယ်က ကျေးလက်ဒေသ သက်ဆိုင်ရာ မြို့နယ်ရော၊ ခရိုင်ရော မှာထားခဲ့ပါတယ်။ သွား ကွင်းဆင်းကြည့်ပြီးတော့ ဘယ်လိုအမြန်ဆုံး ဆောင်ရွက်ပေးနိုင်မှာလဲ။ လာမယ့်နှစ်မှာ ဘယ်လိုထည့်နိုင် မလဲဆိုတာကို ကျွန်တော်စီစဥ်ထားခဲ့ပါတယ်။ ယခုနှစ် ၂၀၁၄-၂၀၁၅ မှာတော့ ပါဝင်ခြင်း မရှိသေးကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယှဥ်ပြိုင်မှု ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဥ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က ယှဥ်ပြိုင်မှု ဥပဒေကြမ်းကို ၂၄-၇-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော ယှဥ်ပြိုင်မှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၄။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး အေးချမ်းကြပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မ ဒီ ယှဥ်ပြိုင်မှုဥပဒေ ကြမ်းနဲ့ ပတ်သက်ပြီးတော့ ဒီမှာတော့ ကျွန်မ အနည်းငယ်ဆွေးနွေးပြီးတော့ ပြည်ထောင်စုလွှတ်တော်ကျ ရင်လည်း ထပ်ပြီးတော့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ အခုလောလောဆယ်တော့ အချိန်ကလည်း နည်းနည်းလေး

စဥ်းစားစရာဖြစ်နေတယ်။ အဲဒါကြောင့်မို့လို့ပါ။ (၁)အနေနဲ့ကတော့ ကျွန်မ ယှဥ်ပြိုင်မှုဥပဒေနဲ့ ပတ်သက်ပြီးတော့ မူလပြဋ္ဌာန်းချက်မှာ သူက ဒီ အမည်ခေါင်းစဥ်ကို ယှဥ်ပြိုင်မှုဥပဒေ လို့ ပြဋ္ဌာန်းထားပါတယ်။

နောက် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကတော့ ဘာလဲဆိုတော့ သူလည်း ယှဥ်ပြိုင်မှုဥပဒေဆိုပြီးတော့ ပြန်ပြီးတော့ မူလအတိုင်း ပြန်ပြီးတော့ ပြင်ထားပါတယ်။ သို့သော် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မှာကျတော့ သူက စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဥ်ပြိုင်မှုဥပဒေ ဆိုပြီးတော့ ဒါ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အဲဒီလိုဖြစ်ပါတယ်။

အဲဒီမှာ ကျွန်မက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ကျွန်မကထောက်ခံပြီးတော့ ဆွေးနွေးပါတယ်။ ဘာလို့လဲဆိုတဲ့အခါကျတော့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(ဃ)မှာ ပြည်သူလူထုအတွက် လိုအပ်တဲ့ ဥပဒေတွေကို ထိရောက်ခိုင်မာပြည့်စုံတဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးရမယ်လို့ ဖွင့်ဆိုထားပါတယ်။ အဲဒီကျတော့ ကျွန်မတို့က အခွင့်အရေးကတော့ အခွင့်အရေးပဲ။ ဘယ်သူအခွင့်အရေးလဲဆိုတာမျိုး ဒါရှိပါတယ်။ အဲဒီတော့ ဥပဒေမှာ တွေဝေနေတာ၊ ဒွိဟဖြစ်နေတာ၊ တွေဝေစရာဖြစ်နေတာ၊ စဥ်းစားစရာတွေ ဖြစ်နေတာ မပါဘဲနဲ့ တိကျပြတ်သားပြီး ပြည့်စုံတဲ့ ဥပဒေဖြစ်ရမှာ ဖြစ်တဲ့အတွက် အစအဆုံးအားလုံးဟာ ပြည့်ပြည့်စုံစုံတိတိကျကျ ပြတ်ပြတ်သားသားဖြစ်ဖို့ လိုအပ်မယ် ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်မ အမျိုးသားလွှတ်တော်ရဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဥ်ပြိုင်မှုဥပဒေဆိုတာကို ကျွန်မထောက်ခံအပ်ပါတယ်။ (၂)ကတော့ ကျွန်မတို့ အခန်း(၁) အပိုဒ်(၁)၊ အပိုဒ်ခွဲ(က) ဤဥပဒေကို ယှဥ်ပြိုင်မှုဥပဒေဟု ခေါ်တွင်စေရမည်လို့ မူလပြဋ္ဌာန်းချက်မှာ အဲဒီလိုပါပြီးတော့ ပြည်သူ့လွှတ်တော်ကလည်း အဲဒါကိုပဲ မူလပြဋ္ဌာန်းချက်အတိုင်း ဆိုပြီးတော့ သူတို့က အတည်ပြုထားပါတယ်။ သို့သော် အမျိုးသားလွှတ်တော်ကတော့ အစောကပြောတဲ့အတိုင်းပဲ ဤဥပဒေကို စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဥ်ပြိုင်မှုဥပဒေဟု ခေါ်တွင်စေရမည်လို့ အတည်ပြုထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီအတည်ပြုချက်ဟာ အစောကပြောသလိုပဲ ပိုမိုပြီးတော့ ဥပဒေနည်းလမ်းတွေနဲ့ ပြည့်စုံညီညွတ်တာဖြစ်တဲ့အတွက် ပိုပြီးတော့လည်း ခိုင်ခိုင်မာမာ၊ ပြည့်ပြည့်စုံစုံ၊ ထိထိရောက်ရောက်ရှိတာ ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ကျွန်မထောက်ခံပါတယ်။

နောက်တစ်ခုကတော့ အခန်း(၁)၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ(င)ဖြစ်ပါတယ်။ အဲဒီမှာ မူလပြဋ္ဌာန်းချက်မှာတော့ ယှဥ်ပြိုင်မှုဆိုသည်မှာ ဆိုပြီးတော့ အဲဒီအပိုဒ်မှာ သူက နောက်ဆုံးမှာတော့ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုကြောင့် အများပြည်သူတို့၏ အကျိုးစီးပွားထိခိုက်နစ်နာခြင်းမှ တားဆီးကာကွယ်စေခြင်းဖြင့် မျှတသော ယှဥ်ပြိုင်မှုဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်က နောက်ဆုံးသူတို့ အတည်ပြုလိုက်တာကတော့ ဘာလဲဆိုတော့ သူတို့သဘောထားက ယှဥ်ပြိုင်မှုဆိုသည်မှာ ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအကြား မိမိတို့၏ ကုန်စည်များ ဝန်ဆောင်မှုများ ဝယ်ယူအသုံးပြုမည့် ဝယ်ယူသူအရေအတွက်၊ ဈေးကွက်ဝေစုနှင့် ဈေးကွက်လွှမ်းမိုးနိုင်မှုတို့ကို ပိုမိုရရှိစေရန် စီးပွားရေးလုပ်ငန်းများကို အပြိုင်အဆိုင်ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဥ်ပြိုင်ဆောင်ရွက်မှုကို ဆိုသည်လို့ သူတို့က အတည်ပြုထားပါတယ်။ အဲဒီမှာပဲ ဒီ နောက်ဆုံးလေးမှာပဲ ရှေ့ကဟာတွေ မပြောဘဲနဲ့ နောက်ဆုံးမှာပဲ စီးပွားရေးလုပ်ငန်းများကို အပြိုင်အဆိုင်ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဥ်ပြိုင်ဆောင်ရွက်မှုဆိုသည်ဆိုတဲ့ စီးပွားရေး

လုပ်ငန်းကိုပဲ နှစ်ခုထပ်ပြီးတော့ ပါနေတာ ဖြစ်ပါတယ်။ အဲဒီကျတော့ အဲဒီလို မပြေမပြစ်ဖြစ်နေတဲ့အပြင် ပိုနေတာဖြစ်တဲ့အပြင် ကျွန်မတို့ ဒီအမျိုးသားလွှတ်တော်က အတည်ပြုထားတာကတော့ စီးပွားရေး လုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုဆိုသည်မှာ ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအကြား မိမိတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုမည့် ဝယ်ယူသူအရေအတွက်၊ ဈေးကွက်ဝေစု၊ ဈေးကွက်လွှမ်းမိုးနိုင်မှု ပိုမိုရရှိစေရန် စီးပွားရေးလုပ်ငန်းများကို အပြိုင်အဆိုင်ပြုလုပ်သည့် ဆောင်ရွက်မှုကို ဆိုသည်ဆိုပြီးတော့ အတည်ပြုထားပါတယ်။

အဲဒီမှာ တစ်ခုပဲ ကျွန်မက ဖြည့်စွက်ချင်ပါတယ်။ ဘာလဲဆိုတော့ နည်းနည်းပြေပြစ်သွားစေဖို့ အတွက် ဝယ်ယူသူအရေအတွက်၊ ဈေးကွက်ဝေစုနှင့် ဈေးကွက်လွှမ်းမိုးနိုင်မှု ပိုမိုရရှိစေရန်ဆိုတာ အဲဒီဟာလေးပဲ "နှင့်"လေးတစ်လုံးပဲ ဖြည့်ပြီးတော့ ကျွန်မက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ဟာ ကျန်တဲ့ နှစ်ခုလည်း ပိုမိုပြီးတော့ ပြေပြစ်ပြီးတော့ တိကျခိုင်မာတာ ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုမှုကိုပဲ ကျွန်မက ထောက်ခံကြောင်းဆွေးနွေးလိုပါတယ်။

နောက်တစ်ခုကတော့ အခန်း(၁)၊ အပိုဒ်(၂)၊ အပိုဒ်ခွဲငယ်(စ)ဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုဝါဒဆိုသည်မှာ ဆိုပြီးမှာ ပြဋ္ဌာန်းချက်ရှိပါတယ်။ အဲဒီမှာ မူလပြဋ္ဌာန်းချက်မှာ စားသုံးသူများကို လက်ဝါးကြီးအုပ် ဆောင်ရွက်မှုမှ ဆိုပြီးတော့ သူက သုံးနှုန်းထားပါတယ်။ နောက်တစ်ခါ အမျိုးသားလွှတ်တော်ကကျတော့ စားသုံးသူများ၏ အကျိုးကို လက်ဝါးကြီးအုပ်ဆောင်ရွက်မှုမှ ဆိုပြီးလို့ အတည်ပြုထားပါတယ်။ နောက်တစ်ခါ ပြည်သူ့လွှတ်တော်ကတော့ စားသုံးသူများကို လက်ဝါးကြီးအုပ်ဆောင်ရွက်မှုမှဆိုပြီးတော့ မူလပြဋ္ဌာန်းချက်အတိုင်း အဲဒါမျိုး ရေးထားပါတယ်။ အဲဒီတော့ အခုဟာက စားသုံးသူတွေကို လက်ဝါးကြီးအုပ်မှာ မဟုတ်ဘဲနဲ့ စားသုံးသူတွေရဲ့ အကျိုးကိုသာ လက်ဝါးကြီးအုပ်မှာ ဖြစ်တဲ့အတွက် စားသုံးသူအကျိုးကို လက်ဝါးကြီးအုပ်ဆောင်ရွက်မှုဆိုမှသာလျှင် သူက ထိထိရောက်ရောက်နဲ့ မှန်မှန်ကန်ကန်တကယ် ပီပီပြင်ပြင်နဲ့ ပြည့်စုံတဲ့ စကားလုံးအသုံးအနှုန်းဖြစ်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မ အမျိုးသားလွှတ်တော်ရဲ့ စားသုံးသူများ၏အကျိုးကို လက်ဝါးကြီးအုပ်ဆောင်ရွက်မှုမှဆိုတဲ့ အပိုဒ်ကို ကျွန်မက ထောက်ခံဆွေးနွေးအပ်ပါတယ်။

နောက်တစ်ခုက အခန်း(၁)၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ(ဌ)ဒီမှာ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းဆိုတာကို မူလပြဋ္ဌာန်းချက်မှာ ထည့်ထားပါတယ်။ အဲဒီဟာကို ကျွန်မတို့ အမျိုးသားလွှတ်တော်ကတော့ မူလပြဋ္ဌာန်းချက်အတိုင်း ဆိုပြီးတော့ အဲဒီလို သဘောထားပေးထားပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်ကတော့ အဲဒါကို ပယ်ဖျက်ပါသည်ဆိုပြီးတော့ သူတို့က ပယ်ဖျက်ချက်ကိုပဲ အတည်ပြု ထားပါတယ်။ အဲဒီ ပယ်ဖျက်ချက် အတည်ပြုပြီးတဲ့ အခါမှာ ကျန်အပိုဒ်တွေမှာ အမှတ်စဉ် ပြောင်းလဲမယ်လို့ သူက အဲဒီလို ပြောထားပါတယ်။ သိုသော်ငြားလည်းပဲ နောက်အပိုဒ်ဖြစ်တဲ့ အခါမှာကျတော့ ဘယ်လိုဖြစ်သလဲဆိုတော့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်းစသည့် လုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို လုပ်ကိုင်သော ပုဂ္ဂိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းလည်းပါသည်ဆိုပြီးတော့ အပေါ်က စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းကို ဒီက စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူမှာ ပြန်ပြီးတော့ သူက တွဲပြီးတဲ့အခါကျတော့ ပြန်ပြီးတော့ ဆက်စပ်ပြီးတော့ ပြန်သုံးထားပါတယ်။ ပြည်သူ့လွှတ်တော်က အဲဒီဟာကို စီးပွားရေး လုပ်ငန်း

အဖွဲ့အစည်းကို သူက ဖျက်ပစ်ထားပါတယ်။ ဖျက်ပစ်ထားပြီးမှ နောက်ဒီမှာကျတော့ ဘယ်လိုပြန်ပြီးတော့ ပြောထားသလဲဆိုတဲ့အခါကျတော့ (ဋ) မှာပါ။ (ဍ)မှာ ကျွန်မတို့အမျိုးသားလွှတ်တော်ကတော့ အဲဒီ (ဍ)မှာ မူလပြဋ္ဌာန်းချက်အတိုင်း ဆိုပြီးတော့ ကျွန်မတို့က ရေးထားပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်က ကျတော့ သူက နံပါတ်ကိုလည်း ပြောင်းထားပါတယ်။ ၂(ည)ဆိုပြီးတော့ ပြောင်းထားပါတယ်။

စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ဆိုသည်မှာ ဆိုပြီးတော့ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သော ပုဂ္ဂိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းကို လုပ်ကိုင်သော အဖွဲ့အစည်းလည်း ပါဝင်သည်ဆို ပြီးတော့ အဖွဲ့အစည်းကို ပြန်သုံးထားပါတယ်။ အဲဒီတော့ကာ ဒီမှာ အဖွဲ့အစည်းသုံးမယ်ဆိုလို့ရှိရင် ဟိုက စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းကိုလည်း ဘာမှသူကဖျက်ပစ်စရာ အကြောင်းမရှိပါဘူး။ စီးပွားရေး လုပ်ငန်းအဖွဲ့အစည်းကိုလည်း ဒီမှာ ပြဋ္ဌာန်းချက်နဲ့ အဓိပ္ပာယ်ဖော်ထားတာ ဖြစ်သလို စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူကိုလည်း ထပ်ပြီးတဲ့အခါကျမှ သူက အဓိပ္ပာယ်ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။

အဲဒီတော့ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းဆိုတာကိုလည်း ပြန်ပါ လာတာ ဖြစ်တဲ့အတွက် ဒီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကို ဖျက်ပစ်စရာ အကြောင်းမရှိဘူးလို့၊ ပယ်စရာအကြောင်းမရှိဘူးလို့ ကျွန်မက ထင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မက နှစ်ခုစလုံးပဲ အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်ကို ကျွန်မက ထောက်ခံအပ်ပါတယ်။

နောက်တစ်ခုကတော့ ဒီမှာ ကျွန်မတို့ အခန်း(၂)၊ အပိုဒ်(၃)မှာ ဤဥပဒေ၏ ရည်ရွယ်ချက်များ မှာ အောက်ပါအတိုင်းဖြစ်သည်လို့ ဆိုပြီးတော့ ကျွန်မတို့ အမျိုးသားလွှတ်တော်က (က)၊ (ခ)၊ (ဂ) အပိုဒ်ခွဲ ငယ်တွေနဲ့ ကျွန်မတို့ ပြန်ပြီးတော့ အတည်ပြုထားပါတယ်။ အဲဒီမှာ ကျွန်မတို့ အပိုဒ်တွေမှာ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)ဆိုပြီးတော့ (၅)ခုခွဲထားတဲ့ အထဲမှာ သူက အဆုံးတွေမှာ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်။ နောက်တစ်ခါ ထိန်းချုပ်နိုင်စွမ်းကို အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်။ နောက် တစ်ခါ ဝယ်ယူခြင်းတို့ကို ဥပဒေနှင့်အညီ ခွင့်ပြုနိုင်ရန်။ နောက်တစ်ခုက ကန့်သတ်ထားသော သဘောတူ ညီချက်နှင့် အစီအမံများကို ထိန်းချုပ်နိုင်ရန်ဆိုပြီးတော့ (က)၊ (ဂ)၊ (ဃ)၊ (င)မှာ အဲဒီ(၄)ခုမှာ အဲဒီလိုပြော ပြီးတော့ (ခ) တစ်ခုတည်းပဲ မျှတမှုမရှိသော ဈေးကွက်ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်စေရန်လို့ ပါတဲ့အခါကျ တော့ကာ ပြည်သူ့လွှတ်တော်ကနေပြီးတော့ အဲဒီ 'နိုင်စေရန်' ကို သူက ထိန်းချုပ်နိုင်ရန်ဆိုပြီးတော့ ပြင် ထားပါတယ်။ အဲဒီတစ်ခုတည်းပဲ ပြင်ထားတယ်။ အဲဒီကျတော့ ကျွန်မနားလည်တာကတော့ ဒီ အမျိုးသား လွှတ်တော်က အကုန်လုံး "ရန်" နဲ့ ဆုံးရင်လည်း၊ "နိုင်ရန်နဲ့" ဆုံးရင်လည်း "နိုင်ရန်ပေါ့"၊ "နိုင်စေရန်" နဲ့ ဆုံးရင် လည်း "နိုင်စေရန်"ပေ့ါ။ တစ်ကွက်တည်းပဲ "ထိန်းချုပ်နိုင်စေရန်" တစ်ကွက်တည်းပဲပါပြီး ကျန်တာ တွေမှာတော့ သူက "နိုင်ရန်" နဲ့ပဲ ဆုံးထားတာဖြစ်တဲ့အတွက် အဲဒီမှာ "ထိန်းချုပ်နိုင်ရန်" ကို ပြည်သူ့ လွှတ်တော်က ပြင်ဆင်တယ်လို့ ကျွန်မက ယူဆပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒါကိုလည်း အဆင်ပြေသလို ကြည့်ပြီးတော့ ဥပဒေကြောင်းက ပြန်ပြီးတော့ လိုအပ်သလို ဆောင်ရွက်ဖို့ ကျွန်မတိုက်တွန်းလိုပါတယ်။

နောက်တစ်ခုကတော့ အခန်း(၃)၊ အပိုဒ်(၄)၊ အပိုဒ်ခွဲ(ဓ)ဖြစ်ပါတယ်။ အဲဒီမှာတော့ ဈေးကွက် တွင် ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့်ထုတ်လုပ်သူတို့၏ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး များကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆသော စွမ်းရည်ကို အားပေးမြှင့်တင်ရေး ဆိုပြီးတော့ မူလ ပြဋ္ဌာန်းချက်မှာ မူပိုင်ခွင့်ဆိုင်ရာ ဆိုပြီးတော့ ပါ ပါတယ်။ သို့သော် ကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့

အတည်ပြုချက်မှာကျတော့ ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနဲ့ ထုတ်လုပ်သူတို့ရဲ့ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ကာကွယ် ပေးခြင်းဆိုပြီးတော့ ပါ ပါတယ်။ ဟိုက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြစ်ပါတယ်။ အဲဒီကျတော့ ပြည်သူ့လွှတ်တော်က ဘယ်လိုလာသလဲ ဆိုတော့ ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူတို့နှင့် ထုတ်လုပ်သူတို့၏ တီထွင်ကြံဆနိုင်သော စွမ်းရည်ကို အားပေးမြှင့်တင်ရေး ဆိုတော့ ပြည်သူ့လွှတ်တော်ရဲ့ သူက အတည်ပြုချက်ဟာ လုံးဝ ပေ့ါသွားပါတယ်။ နှစ်ခုနဲ့ယှဉ်လို့ရှိရင် တော်တော်လေးကို ပေ့ါသွားပါတယ်။ ဘာလို့လဲဆိုတော့ ဟို ပထမ မူလပြဋ္ဌာန်းချက်မှာက အသိဉာဏ် မူပိုင်ခွင့်ဆိုင်ရာဆိုတာ သုံးထားတော့ အဲဒါ သူကတော့ လေးလေးနက်နက် ဖြစ်စေချင်လို့ သုံးထားတဲ့ သဘောလို့ သတ်မှတ်ယူဆပါတယ်။ သို့သော်ငြားလည်းပဲ ကျွန်မတို့ အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ အမျိုးသားလွှတ်တော်က အတည်ပြုလိုက်တဲ့ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုတဲ့ အခါမှာတော့ ဒါက ပိုပြီးတော့ မူလပြဋ္ဌာန်းချက်မှာပါတဲ့ မူပိုင်ခွင့်ဆိုင်ရာထက် ပိုပြီးတော့ ကျယ်ပြန့်တယ်လို့ ကျွန်မက ယူဆပါတယ်။ ဘာလို့လဲဆိုတော့ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများဆိုတဲ့အထဲမှာ မူပိုင်ခွင့်ဆိုင်ရာလည်း ပါတယ်။ ကျန်တာလည်းပါတယ်။ အထွေထွေ အကုန်လုံးပါသွားတယ်လို့ ယုံကြည်တဲ့အတွက်ပိုပြီးတော့ ထိရောက်ပြီးတော့ ကျယ်ပြန့်ပြီးတော့ ကျယ်ဝန်း ပြီးတော့ ပြည့်စုံတဲ့ ကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့ ဒီ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆနိုင်သော စွမ်းရည်ကို အားပေးမြှင့်တင်ရေးဆိုတာကိုပဲ ကျွန်မက သဘောတူပါကြောင်း၊ ထောက်ခံပါကြောင်း ပြောဆိုရင်းနဲ့ ကျွန်မနိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါ တယ်ရှင်။

**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာ့ကမ်းရိုးတန်း နှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော် သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၇။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်က အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော် အခု ကော်မတီရဲ့ ကိုယ်စား အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပေးမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

ရက်စွဲ - ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းကို ၁၆-၁၀-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၄-၁၀-၂၀၁၄ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ထို့သို့ ဆွေးနွေးညှိနှိုင်းခဲ့ရာတွင် ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြထားသည့် အကြံပြုတင်ပြချက် (၂)ချက်ကို ထည့်သွင်းဆွေးနွေးခဲ့ရာတွင် ရေယာဉ်လိုင်စင်နှင့် လုပ်ငန်းလိုင်စင် တို့သည် သီးခြားစီဖြစ်ခြင်း၊ လုပ်ငန်းလိုင်စင်မရှိဘဲ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သော ရေယာဉ်များအတွက် ထိရောက်သည့် ပြစ်ဒဏ်ချမှတ်သင့်တို့ကြောင့် ပြင်ဆင်ဖြည့်စွက်ရန် မသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်။

၂။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည်။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါ အတိုင်း တွေ့ရှိရပါသည်။

(က) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)ကို ပုဒ်မ ၂၊ ပုဒ်မခွဲ (က)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ လက်တွေ့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိစေရန်အတွက် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ)ကို ပုဒ်မ ၂၊ ပုဒ်မခွဲ (စ)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင်ပါရှိသော မြန်မာ့ကမ်းရိုးတန်းဆိုသည်မှာ နိုင်ငံတော်၏ ဆိုသည့် စကားရပ်ကို မြန်မာ့ကမ်းရိုးတန်းဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)ကို ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ) အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင်ပါရှိသော ပြည်တွင်းရေကြောင်းဆိုသည်မှာ နိုင်ငံတော်အတွင်းဆိုသည့် စကားရပ်ကို ပြည်တွင်းရေကြောင်း ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

ရေးထိုးမှန်ကန်မှု ရှိစေရန်အတွက် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)ကို ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ယင်းတွင်ဖော်ပြထားသော စာကားရပ်များအစား ရေယာဥ် ဆိုရာတွင် စီးပွားရေးလုပ်ငန်းသုံးကာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီး သည်နှင့် ကုန်စည်နှစ်မျိုးစလုံးကိုဖြစ်စေ ရေကြောင်း၌ သယ်ယူပို့ဆောင်ရေး အတွက် အသုံးပြုသော စက်တပ်ရေယာဥ် သို့မဟုတ် စက်မဲ့ရေယာဥ်တစ်မျိုးမျိုး ပါဝင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)ကို ပုဒ်မခွဲ(ဈ)အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ယင်းတွင်ဖော်ပြထားသော ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းဆိုသည်မှာ ဆိုသည့်စကားရပ်ကို ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆိုရာတွင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့်ဥပဒေကြမ်း ပုဒ်မ၄၊ ပုဒ်မခွဲ(ဇ)တွင် ဖော်ပြ ထားသော စကားရပ်များအစား တပ်ဖွဲ့မှူး ရေကြောင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ - အဖွဲ့ဝင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြ ထားသော နယ်မြေသတ်မှတ်ခြင်းအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်း လိုင်စင် သက်တမ်းတိုးမြှင့်ခြင်း၊ အသစ်လဲခြင်းဆိုသည့် စကားရပ်ကို နယ်မြေ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့် ခြင်းဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဆ)တွင် ဖော်ပြထား သောစကားရပ်များအစား လိုအပ်ချက်ရှိပါက ရေယာဥ်များကို ရပ်တန့်၍ သတ်မှတ် ချက်များနှင့် ညီညွတ်ခြင်းရှိမရှိ စစ်ဆေးခြင်း၊ လိုအပ်သည့် စာရွက်စာတမ်း အထောက် အထားစသည်တို့ကို စိစစ်သိမ်းဆည်းခြင်းပြုရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းဟု ပြင်ဆင်ပြီး ပုဒ်မ ၆၊ ပုဒ်မခွဲ (စ)အဖြစ်လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဇ)တွင် ဖော်ပြထားသော ရေယာဥ်ကို တားဆီးခြင်းနှင့် ရေယာဥ် အား ယာယီထိန်းသိမ်းခြင်းဆိုသည့် စကားရပ်ကို ရေယာဥ်ကို တားဆီးခြင်းနှင့် ရေယာဥ်အား ယာယီထိန်းသိမ်းခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပြီး ပုဒ်မ ၆၊ ပုဒ်မခွဲ (ဆ) အဖြစ်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၁၂ ကို ပုဒ်မ ၁၁ အဖြစ် ပြောင်းလဲ အမှတ်စဥ်၍ ယင်းတွင်ပါရှိသော မိမိလုပ်ကိုင်မည့် ဒေသနှင့်ဆိုသည့် စကားရပ်ကို မလိုအပ်၍ ပယ်ဖျက်ပြီး ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)ကို ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အဖြစ်ပြောင်းလဲ အမှတ်စဥ်၍ ယင်းတွင်ပါရှိသော စကားရပ်များအစား အဓိပ္ပာယ် ပိုမို ပြည့်စုံစေရန်အတွက် ပုဒ်မခွဲ (က)အရ ခွင့်ပြုပါက နှောင့်နှေးကြန့်ကြာမှုမရှိစေ ဘဲ လုပ်ငန်း အမျိုးအစားအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ကို ထုတ်ပေးရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ၁၄၊ ပုဒ်မခွဲ (ခ)ကို ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ယင်းတွင်ဖော်ပြထားသော ကြီးကြပ်ရေး အဖွဲ့မှတစ်ဆင့် လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်

ဆိုသည့် စကားရပ်ကို ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် လျှောက်ထားသူအား လုပ်ငန်းအမျိုးအစားအလိုက် စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့်ဥပဒေကြမ်း ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)ကို ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၁၅ ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း ပိုင်ရေယာဉ်များအား လုပ်ငန်းလိုင်စင်ရယူခြင်းနှင့် စပ်လျဉ်း၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(င) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်း အခန်း(၇) အခန်းခေါင်းစဉ်တွင် ဖော်ပြထားသော စီမံခန့်ခွဲရေးဆိုင်ရာအမိန့် ဆိုသည့်စကားရပ်ကို စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၁၈ တွင်ပါရှိသောအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် ဆိုသည့်စကားရပ်ကို အရေးယူဆောင်ရွက်မှု တစ်ခုခုကို ပြုလုပ်နိုင်သည်ဟု ပြင်ဆင်ပြီး ပုဒ်မ ၁၇ အဖြစ်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၁၉ ကို ပုဒ်မ ၁၈ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား အရေးယူဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် ကြီးကြပ်ရေး ဗဟိုအဖွဲ့သို့ အယူခံနိုင်ရန်အတွက် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၁၇ အရ ပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့် နေ့မှရက်ပေါင်း ၆၀ အတွင်း ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ အယူခံနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၀ ကို ပုဒ်မ ၁၉ အဖြစ် ပြောင်းလဲ အမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ပုဒ်မ ၁၈ အရ အယူခံခြင်းကို စိစစ်ပြီး ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၂၀ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ကြီးကြပ်ရေးဗဟိုအဖွဲ့က ပုဒ်မ ၁၇ အရပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှု တစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)ကို ပုဒ်မ၂၁၊ ပုဒ်မခွဲ(က)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနသည် ပုဒ်မ ၂၀ အရ အယူခံခြင်းကို စိစစ်ပြီး

ကြီးကြပ်ရေးဗဟိုအဖွဲ့၏ အရေးယူ ဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့်ဥပဒေကြမ်း ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)ကို ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က)အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ယင်းတွင်ပါရှိသော အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ဆိုသည့် စကားရပ်ကို ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ)ကို ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ)အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ယင်းတွင်ပါရှိသော ထောင်ဒဏ် အနည်းဆုံး ခြောက်လ ချမှတ်ရမည့်ပြင် ကျပ် တစ်ဆယ်သိန်း ထက်မနည်းသော ငွေဒဏ်လည်း ချမှတ်နိုင်သည်ဆိုသည့် စကားရပ်ကို ခြောက်လထက်မပိုသောထောင်ဒဏ် ချမှတ်ရမည်။ ထို့ပြင် ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၂၉ ကို ပုဒ်မ ၂၈ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် ပျက်ကွက်သည့် ကြွေးကျန်များကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်၊ ဆိုသည့် စကားရပ်ကို ပျက်ကွက်သူထံမှ တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့် အညီအရ ကောက်ခံရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၀ ကို ပုဒ်မ ၂၉ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင်ပါရှိသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည် ဆိုသည့် စကားရပ်ကို လုပ်ငန်း တာဝန်များကို ထမ်းဆောင်နေချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုး ပြင်ဆင်သင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့်ဥပဒေကြမ်းပုဒ်မ ၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၊ ပုဒ်မ ခွဲ(ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ(၆)၊ ပုဒ်မခွဲ(င)၊ ပုဒ်မ(၈)တို့ကို မလိုအပ်၍ ပယ်ဖျက်ပြီး ပုဒ်မစဥ်များကို အစီအစဥ် ကျနမှုရှိစေရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်းကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသား လွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈-၁၁-၂၀၁၄ ရက် (အင်္ဂါနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၉) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၀) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။ အချိန်ကန့်သတ်ချက်ကြောင့် အစီအစဉ်(၉)ကိုရွှေ့ဆိုင်းလိုက်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]